ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (17-9-2008) (၅၈၀၄)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မည့် ကျေးရွာများကို လုံခြုံစိတ်ချစွာနေထိုင်နိုင်သည့် နေရာများတွင်နေထိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိ

သဘာဝဘေးအန္တရာယ်ကြုံတွေ့နိုင်သည့် ကျေးရွာများကိုလည်း ဒေသနေပြည်သူများ၏ဆန္ဒနှင့်အညီ လုံခြုံစိတ်ချရမည့်နေရာများ၌ နေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် လပွတ္တာ-သယ်န်းကြီး-ပြင်စလူလမ်း၏ လပွတ္တာ-သယ်န်းကြီးအပိုင်း မြေသားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၆

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် လပွတ္တာမြို့နယ်အတွင်းရှိ သယ်န်းကြီးကျေးရွာ၊ ပြင်စလူမြို့နှင့် ပိုးလောင်းကျေးရွာတို့သို့ စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် လှည့်လည်သွားရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများကို ညှိနှိုင်းစီမံ ဆောင်ရွက်ပေးသည်။

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍**

ကုန်စည်စီးဆင်းမှုအကျိုးပြုမည့် ရေပေါ် ဒုဋ္ဌဝတီမြစ်ကူးတံတား

သတင်းမှတ်စုနှင့်ဓာတ်ပုံ
သီပေါကိုလတ်

မန္တလေး- လားရှိုး- မူဆယ် ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ တည်ရှိသော ဒုဋ္ဌဝတီမြစ်ကူးတံတား သီပေါသည် အရှေ့မြောက်ဒေသ၏ အဓိကအရေးပါသည့် တံတားတစ်စင်းဖြစ်သည်။

လက်ရှိအသုံးပြုနေသော ဒုဋ္ဌဝတီမြစ်ကူးတံတားမှာ ၁၉၆၄ ခုနှစ်က စတင်တည်ဆောက်ခဲ့သည့် ဘေလီတံတား အမျိုးအစားဖြစ်ပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**



ဒုဋ္ဌဝတီမြစ်ကူး ရေပေါ် (Pontoon) တံတားကို စက်တင်ဘာ ၆ ရက်က မြစ်အောက်ပိုင်းမှ တွေ့ရစဉ်။

ကြေးမုံ The Mirror ယနေ့ ဆောင်းပါးအညွှန်း

အမျိုးသားနိုင်ငံရေးဆိုတာ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့အရေး National Cause မှာ ကျရာအခန်းကဏ္ဍက ပါဝင်ထမ်းဆောင်တာကို ခေါ်ပါတယ်။

ကျော်မင်းအေး၏ "ပလေယာအသစ်များ ...... Statesman ဖြစ်ကြပါစေ" (ဆောင်းပါး)

စာမျက်နှာ-၆

ကြေးမုံ
The Mirror
၁၇-၉-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

ဆားလုပ်ငန်းများ ပြန်လည်ထူထောင် ဝိုင်းဝန်းပံ့ပိုး ဖြည့်ဆည်းဖော်ဆောင်

မြန်မာနိုင်ငံတွင် မေလအတွင်းက တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် ဧရာဝတီတိုင်းရှိ ခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်းမှ မြို့နယ်၄၀ တို့တွင် စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများ၏ အသက် အိုးအိမ် စည်းစိမ်များစွာ ပျက်စီး ဆုံးရှုံးခဲ့ရသည်။ နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်ပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့်မုန်တိုင်းသင့်ဒေသများ၌ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနိုင်လျက်ရှိသည်။

ယခုအခါ လေဘေးသင့်ဒေသများမှ အိုးမဲ့အိမ်မဲ့ ဖြစ်သွားကြရသည့် ပြည်သူများအတွက် နေအိမ်အလုံးပေါင်း နှစ်ထောင်ကျော် ဆောက်လုပ်ပြီးစီးနေပြီ ဖြစ်ရာ ပြန်လည်နေထိုင်၍ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပုံမှန်လုပ်ကိုင်နေကြပြီဖြစ်သည်။

ဧရာဝတီတိုင်းတွင် လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့်ဆားလုပ်ငန်းစသည့် အဓိကစီးပွားရေးလုပ်ငန်းကြီး သုံးခုရှိသည်။ ယင်းတို့အနက် လယ်ယာလုပ်ငန်းများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လက်တွန်းထွန်စက် ရှစ်ထောင်ကျော်၊ ကျွဲ၊ နွား အကောင် နှစ်ထောင်ကျော်၊ မျိုးစပါးတင်းပေါင်း ၁၇ သိန်းကျော်နှင့် စက်သုံးဆီများ ဖြည့်ဆည်းပေးခဲ့သဖြင့် လယ်မြေဧက ၉၀ ရာခိုင်နှုန်းကျော် ပြန်လည်စိုက်ပျိုးနိုင်ခဲ့သည်။

အလားတူ ရေလုပ်ငန်း လုပ်ကိုင်သူများအတွက် ငါးဖမ်းလှေ အစင်း ကိုးထောင်ကျော်၊ ငါးဖမ်းပိုက်မျိုးစုံ တစ်သောင်းကျော်နှင့် လုပ်ငန်းသုံးပစ္စည်းများကို ထောက်ပံ့ကူညီပေးလျက်ရှိရာ ရေလုပ်သားများ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက် လုပ်ကိုင်နိုင်လျက်ရှိသည်။

ထိုနည်းတူ မုန်တိုင်းဒဏ်ကြောင့် မြောင်းမြ၊ လပွတ္တာ၊ ဖျာပုံ၊ ငပုတောမြို့နယ်တို့အတွင်း ဆားကျင်းဧက နှစ်သောင်းကျော်၊ ဆားကြမ်းတန်ချိန် နှစ်သောင်းကျော်နှင့် လုပ်ငန်းသုံးပစ္စည်း အများအပြားလည်း ပျက်စီးဆုံးရှုံးခဲ့ရာ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ဆားလုပ်ငန်းများ ပြန်လည်ထူထောင်လုပ်ကိုင်နိုင်ရေး ဆက်လက်ကြိုးပမ်း ကြရဦးမည်ဖြစ်သည်။ ဆားလုပ်ငန်းတွင် ကွင်းပတ်တာများ၊ ဆားကန်များ၊ ကန်သင်းများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းအဆင့်ဆင့်ကို လုပ်ကိုင်ကြရသည်။

အဆိုပါ လုပ်ငန်းများ ပြီးစီးသည်နှင့် ဆားကန်များအတွင်း ပင်လယ်ရေသွင်းခြင်း၊ နေလှန်းခြင်း၊ ဆားကျုံးခြင်း လုပ်ငန်းများကို အောက်တိုဘာလခန့်မှစ၍ မိုးပြန်မကျမီအတွင်း လုပ်ဆောင်ကြရကြောင်းသိရသည်။

ယခုနှစ်အတွင်း ကုန်းတွင်းဆားအပါအဝင် ဆားတန်ချိန်သုံးသိန်း ထွက်ရှိရေး ရည်မှန်းထားရာ ဆားလုပ်ငန်းများအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝိုင်းဝန်းပံ့ပိုးဖြည့်ဆည်းပေးခြင်း၊ ဆားလုပ်ငန်းရှင်များ၊ ဆားလုပ်သားများအပိုင်းက ဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြခြင်းတို့ဖြင့် ဆားလုပ်ငန်းများ အောင်မြင်စွာ ပြန်လည်ထူထောင် လုပ်ကိုင်လာနိုင်မည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း မွန်ပြည်နယ်အတွင်း လုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၆

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ရေဒီယယ် တာယာထုတ်လုပ်မှုစက်ရုံ စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းနယ်မြေအတွင်း တည်ဆောက်ရေး လုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် သထုံမြို့နယ်ရှိ အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ၌ တာယာများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဈေးကွက်အရ ဝယ်လိုအားများသည့် တာယာများကို ဦးစားပေးထုတ်လုပ်ရန်၊ အရည်အသွေးကောင်းမွန်ရေး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ညနေပိုင်းတွင် ကျိုက်ထိုမြို့နယ်ရှိ မရမ်းကုန်း ရော်ဘာခြံကို ကြည့်ရှုစစ်ဆေးပြီး ရွှေဖြူဟု တင်စားရလောက်သော ရော်ဘာပင်များကို ဂရုတစိုက်ပြုစုရန်၊ အစေးလှီးရာတွင် စနစ်တကျ ဆောင်ရွက်ရန်၊ လျာထားချက်ပိုမိုထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်ရန် တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သထုံမြို့နယ်ရှိ အမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အခြေခံအင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း (၁/၂၀၀၈) ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန၊ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အခြေခံအင်္ဂလိပ်စာ ကျွမ်းကျင်မှု သင်တန်း (၁/၂၀၀၈) ဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၌ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး **(အောက်ဝဲပုံ)** ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ၂၆ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့် ရန်ကုန် အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)တွင် ၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၈)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈)ကို စက်တင်ဘာ၁၃ရက်တွင် မြို့နယ်အသင်းရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က အမှာစကားပြောကြားပြီး အလှူငွေများကို လက်ခံ၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရှင်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက နွေရာသီ အမျိုးသား စာရိတ္တပညာ သင်တန်းတွင် ထူးချွန်သူများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အသင်းဝင်များနှင့် ရပ်ကွက်အသင်းများသို့ ဝတ်စုံနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သင်းလုံးကျွတ်အစည်းအဝေးကို ဆက်လက်ကျင်းပပြီး သဘာပတိ မြို့နယ်အသင်း အတွင်းရေးမှူး ဦးစံကျော်က အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Software Development Course with Java သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၆

Yoma Technologies ကကြီးမှူး၍ Software Development Course with Java သင်တန်းကို British Software Engineer က ဦးစီးကာ Yoma Technologies မှ Senior Developer များက စက်တင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက် အဆောင်(၂)အခန်း(၃)၌ သင်ကြားပို့ချမည်ဖြစ်သည်။

Software Development Course with Java သင်တန်း တက်ရောက်မှုကြောင့် Software Development Lifecycle တစ်ခုကို ကောင်းစွာနားလည်၍ လုပ်ငန်းခွင်တွင် အကောင်းဆုံးအသုံးချနိုင်ခြင်း၊ Java Programming Language အသုံးပြု၍ အခြေခံမှစကာ Software Application တစ်ခုကို Develop လုပ်ရာတွင် လက်တွေ့အတွေ့အကြုံရရှိခြင်း၊ Java Programmer Certification များအတွက် ခိုင်မာသည့် အခြေခံကောင်းများ ရရှိခြင်း အပြင် Software Development Team သို့ ဝင်ရောက်နိုင်မည့် အခွင့်အလမ်းနှင့် Yoma Technologies ဖြင့် Training Scholarship ကို ရရှိနိုင်မည်ဖြစ်သည်။

Java ပရိုဂရမ် Language ဖြင့် ပရိုဂရမ်များ ရေးသားနိုင်သော်လည်း Software တစ်ခုကို Develop လုပ်ရန်အတွက် Professional များ ထံတွင် စနစ်တကျ ထပ်မံ၍ လေ့လာရန် လိုအပ်မည်ဖြစ်သည်။

Software Development Course (Java Language) တွင် Explore Software Development Lifecycle, Understand Importance of Quality & Maintainability of Software, Explore Software Architectures and their Usages, Learn Component Based Development, Learn Software Design Patterns Recognized as the Industry Standard, Discover Industry Best Practices, Apply all of the above on a Practical Project တို့ကို သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းချိန်မှာ တနင်္လာနေ့မှ သောကြာနေ့အထိ တစ်နေ့လျှင် ၃ နာရီဖြင့် နာရီပေါင်း ၁၂၀ သင်ကြားမည်ဖြစ်သည်။ တက်ရောက်လိုသူများသည် ဖုန်း- ၇၀၃၂၃၀၊ ၆၅၂၂၆၄၊ ၅၀၃၅၉၉ Web Page www. yomatechnologies. com သို့ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက
ခနိုးခနဲ့ ဆိုကဲ့ရဲ့လည်း
မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

စက်တင်ဘာ ၁၆ရက်က (၇၅)နှစ်မြောက် မလေးရှားနိုင်ငံ တပ်မတော်နေ့ညစ်ာခံပွဲသို့ တက်ရောက်လာသော ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံရုံး စစ်သံမှူး **Col. Sanusi Bin Hashim နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

ဒုဋ္ဌဝတီမြစ်ကူး ရေပေါ်တံတား

ဆောက်လုပ် ပြီးစီးနေသော ဒုဋ္ဌဝတီမြစ်ကူးရေပေါ်(Pontoon) တံတား (သီပေါ)ပေါ်မှ ပြည်သူများ ဖြတ်သန်း သွားလာနေကြစဉ်။

○ **ရှေ့ဖုံးမှ**

ကုန်တင်ခံနိုင်ဝန်အား တန် ၃၀ ရှိ တစ်လမ်းမောင်း တံတားသာဖြစ်သည်။ တန် ၃၀ ထက်ပိုသော ကုန်များကို ကဲ့ပြောင်းတင်ချပြုလုပ်ပြီးမှသာ ၎င်းတံတားပေါ်မှ ဖြတ်သန်းနိုင်သည်။ ထိုတံတားဟောင်းအနီး၌ ခံနိုင်ဝန်အား တန် ၆၀ ရှိသော သံကူကွန်ကရစ် သံမဏိသံပေါင် မြစ်ကူးတံတားသစ်ကြီးကို ယခုနှစ် မေ ၂ရက်နေ့မှ စတင်၍ တည်ဆောက်နေပြီဖြစ်ရာ ၂၀၁၀ ပြည့်နှစ်တွင် ပြီးစီး အသုံးပြုနိုင်မည်ဟု သိရသည်။

၎င်းဒုဋ္ဌဝတီ မြစ်ကူးတံတားသစ်ကြီး တည်ဆောက်နေစဉ် ကာလအတွင်း တန် ၃၀ ထက်ပိုသော ကုန်ပစ္စည်းများကို ကဲ့ပြောင်းပြီး ဒုဋ္ဌဝတီမြစ်ကူးတံတားဟောင်းမှ ဖြတ်ကျော်ကူးသန်းနေရသည့် အခက်အခဲများကို ကျော်လွှားစေနိုင်ရေးအတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ မှာကြားမှုဖြင့် ကျွမ်းကျင်ပညာရှင်များက ဒုဋ္ဌဝတီ ရေပေါ် မြစ်ကူး သီပေါ (Pontoon) တံတားကြီးကို ကြိုးပမ်းတည်ဆောက်ခဲ့ကြသည်။ အဆိုပါ ဒုဋ္ဌဝတီမြစ်ကူး ရေပေါ် (Pontoon) တံတားကြီးကို သီပေါမြို့မြစ်အရှေ့ဘက် မြို့ဟောင်းကျေးရွာနှင့် မြစ်အနောက်ဘက်ဈေးရပ် မဟော်ဂနီ လမ်းထိပ်သို့ ဆက်သွယ် ပေါင်းကူး တည်ဆောက်ထားသည်။ အခန်းပေါင်း ကိုးခန်းပါရှိသော ၎င်းဒုဋ္ဌဝတီမြစ်ကူး (Pontoon) တံတားကြီးပေါ်မှ ကုန်တင်မော်တော်ယာဉ်ကြီးများသည် အစုန်အဆန် အလွယ်တကူဖြင့် ဖြတ်ကျော်ကူးသန်းနိုင်တော့မည်ဖြစ်ပေသည်။ ယင်းကဲ့သို့ ကုန်တင်မော်တော်ယာဉ်ကြီးများ အစုန်အဆန် သွားလာနိုင်ရေးအတွက် သီပေါမြို့အတွင်းရှိ လမ်းကြောင်းပေါ်မှ လမ်းများနှင့် တံတားများ ကြံ့ခိုင်ကောင်းမွန်စေရန်လည်း အထူးစီမံတည်ဆောက်ထားပြီးဖြစ်သည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကားလမ်းမကြီးပေါ်မှ ဆက်သွယ်ရေးသွေးကြောပမာအဓိကအခန်းကဏ္ဍကပါဝင်လျက်ရှိသည့် ဤဒုဋ္ဌဝတီ ရေပေါ် မြစ်ကူး သီပေါတံတားသစ်ကြီးက နယ်စပ် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်လာရေးသာမက ဒေသဖွံ့ဖြိုးရေးကိုပါ ဖော်ဆောင်အကျိုးပြုနိုင်တော့မည်ဖြစ်သည်။

(ကြေးမုံ)

သတိပေးနှိုးဆော်ချက်

မော်တော်ယာဉ် မောင်းနှင်သူအနေဖြင့် အရက်သောက်စား မူးယစ်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း အရက်သေစာ သောက်စား မောင်းနှင်ခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက ခေတ်မီ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာ၍ မူးယစ်မှုတွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဝေဒနာနုပဿနာ" တရားတော် (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၈း၀၀ - ၂း၀၀	Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ဦးတင်အောင်ရွှေ(သုတေသီ)]
၈း၂၅ - ၂း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀ - ၂း၅၀	Activities In The City (အသည်းရောင်အသားဝါရောဂါကာကွယ်ဆေး မိတ်ဆက်ခြင်းအခမ်းအနား)
၉း၁၀ - ၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	Youth Development Academy (မြန်မာ-ကိုရီးယား လူငယ်ဖွံ့ဖြိုးရေးကျောင်း)
၉း၄၅ - ၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	လှပဝင့်ထည် မြန်မာ့ကြိမ်ထည်
၁၀း၀၀ - ၄း၀၀	တေးဂီတအစီအစဉ်
၁၀း၁၅ - ၄း၁၅	စိုက်ပျိုးဝေဆာတို့မြေမှာ (အပင်တစ်သျှူးမျိုးပွားနည်းများ)
၁၀း၃၅ - ၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅ - ၄း၄၅	အေးမြသောလေညင်းလေးများ (မေတ္တာ၊ စိုးမိုးကြည်၊ ဇေယျ၊ ဇူးဇူးမောင်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅	Midweek Sports News
၁၁း၃၀ - ၅း၃၀	နှင်းပွင့်သစ္စာမှ သောတရှင်သို့
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	စားချင်စဖွယ်နည်းအသွယ်သွယ် (ဆန်ပြားခေါက်ဆွဲနှင့် ကြက်သားသာဂူလုံး ပြုလုပ်ပုံအဆင့်ဆင့်)
၁၂း၁၀ - ၆း၁၀	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	PC လုံခြုံရေး
၁၂း၃၅ - ၆း၃၅	Myanmar Video Rhythm
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League	**ဘောလုံးပွဲစဉ်များ**
ညပိုင်း	ပြသမည့်လိုင်း
၁း၀၀	ESPN(Live)
၁း၀၀	Star Sport (Live)

ဆိုမာလီကမ်းလွန်ရှိ ပြင်သစ်ငါးဖမ်းသင်္ဘောအား ပင်လယ်ဓားပြများပစ်ခတ်

ပါရီ စက်တင်ဘာ ၁၅

ဆိုမာလီနိုင်ငံ ကမ်းလွန်ရေပြင်မှ မိုင် ၄၀၀ အကွာရှိ အိန္ဒိယသမုဒ္ဒရာအတွင်းသွားလာနေသောပြင်သစ်ကျူနာငါးဖမ်းသင်္ဘောကိုပင်လယ်ဓားပြများက ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်ကြောင်း ပြင်သစ်စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းဝန်ကြီးဌာနက စက်တင်ဘာ ၁၄ရက်တွင် ပြောကြားသည်။

ညအချိန်ဖြစ်ပွားသော အဆိုပါပစ်ခတ်မှုကြောင့် သင်္ဘောတွင်အပျက်အစီးအနည်းငယ် ရှိသွားသော်လည်း ပင်လယ်ဓားပြများရန်မှ လွတ်အောင်ရှောင်တိမ်းနိုင်ခဲ့ကြောင်း၊ ယင်းအဖြစ်အပျက်ကြောင့် အခင်းဖြစ်ပွားရာရေပြင်၌ လုံခြုံမှုအခြေအနေမကောင်းတော့သဖြင့် ငါးဖမ်းနေကြသော စပိန်နှင့်ပြင်သစ်သင်္ဘောအားလုံးသည် ဆေးရှယ်လိစ်ဆိပ်ကမ်းသို့ပြန်ခဲ့ကြကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တောင်အာဖရိက နိုင်ငံ သဘာဝဉယျာဉ် အတွင်း လှည့်လာနေသည့် ကားတစ်စီးနှင့် အာဖရိကဆင်ကြီးတို့ ရင်ဆိုင် တွေ့နေသည်ကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နှစ်နိုင်ငံကုန်သွယ်ရေး တိုးမြှင့်ရန် ချီလီ-ရုရှား သဘောတူညီ

ဆန်တီယာဂို စက်တင်ဘာ ၁၅

ချီလီနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းမြှင့်တင်ရေးအတွက်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသည်ဟု ချီလီအာဏာပိုင်များက သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါ သဘောတူညီမှုအရ ဦးတည်ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် နှစ်နိုင်ငံစလုံး၏ ထုတ်ကုန်ကဏ္ဍများကိုပိုမိုတိုးတက်အောင်ဆောင်ရွက်ရေးကိစ္စလည်း ပါဝင်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံတကာစီးပွားရေးအဖွဲ့ညွှန်ကြားရေးမှူး ကာလို့စ်ဖာချီက ပြောကြားသည်။

ချီလီ-ရုရှားစီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်၏ တတိယအကြိမ် ဆွေးနွေးပွဲကို ရုရှားနိုင်ငံ၌ ကျင်းပခဲ့သည်။ နှစ်နိုင်ငံ သဘောတူထားသောလုပ်ငန်းကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် စတင်အကောင်အထည်ဖော်မည်ဟု ထိုဆွေးနွေးပွဲအပြီး၌ ဖာချီက ပြောကြားသည်။

နှစ်နိုင်ငံကြား စီးပွားရေး တိုးတက်ဆောင်ရွက်ရာတွင် လိုအပ်ပါက လုပ်ငန်းတားဆီး ပိတ်ပင်ထားချက်များ ကို ထိုအဖွဲ့က ဖယ်ရှားသွားမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံ ကုန်သွယ်ရေး လွယ်ကူလာစေရေး နည်းလမ်းများကို ရှာဖွေသွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထိုအဖွဲ့သည် နှစ်နိုင်ငံကြား ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်စေရန် နှစ်နိုင်ငံကြား ဖြစ်ပေါ်နေသော စီးပွားရေးဆိုင်ရာ ပြဿနာများ၊ တရားရေးဆိုင်ရာများကိုလည်း ပိုမိုနားလည်မှု ရရှိလာစေရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကျန်စူးပြည်နယ် ပျူကွမ်ဒုံးပျံလွှတ်တင်ရေးစခန်းတွင် လူလိုက်ပါမည့် အာကာသယာဉ်လွှတ်တင်နိုင်ရေးအတွက် ပြင်ဆင်မှုပြုလုပ်နေသည်ကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗြဲစဗေြးလျှတွင် ရဟတ်ယာဉ်ပျက်ကျ လေးဦးသေဆုံး

ဆစ်ဒနီ စက်တင်ဘာ ၁၅

ဗြဲစဗေြးလျှနိုင်ငံ အနောက်ပိုင်း ကင်ဘာလေတွင် စက်တင်ဘာ ၁၄ ရက်က ရဟတ်ယာဉ်ပျက်ကျရာ လေးဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့မှလာသောသတင်းက ဖော်ပြသည်။

ရဟတ်ယာဉ်သည် ဘန်ဂယ်ဘန်ဂယ်အမျိုးသားဉယျာဉ်အတွင်း ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ပျက်ကျခြင်းဖြစ်သည်။ ရဟတ်ယာဉ်တွင် လိုက်ပါသွားသူများမှာ အမျိုးသားလေယာဉ်မှူးနှင့် ခရီးသည်အမျိုးသမီးသုံးဦးတို့ဖြစ်သည်။

အခင်းဖြစ်ပွားရာနေရာသည်ကမ္ဘာလှည့်ခရီးသည်များ မကြာခဏသွားရောက်လည်ပတ်လေ့ရှိသော ဒေသဖြစ်ပြီး ဗြဲစဗေြးလျှနိုင်ငံ၏ အဓိကစိန်တွင်းရှိရာ အာရိုင်းအရပ်နှင့်လည်း နီးစပ်သောအရပ်ဖြစ်ကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျရာ၌ ပါသွားသူများ၏အသေးစိတ်အချက်အလက်များကို မသိရသေးဟုဆိုသည်။ ***အင်တာနက်။***

ဟာရီကိန်းအိုက်ခ်မုန်တိုင်း တိုက်ခတ် ဘေးဒုက္ခရောက်နေသူများကို ကယ်ဆယ်နိုင်ခြင်းမရှိ

ဟူစတန် စက်တင်ဘာ ၁၅

အမေရိကန်ပြည်ထောင်စုတွင် အိုက်ခ်မုန်တိုင်းတိုက်ခတ်မှုကြောင့် တက္ကဆက်ပြည်နယ်မှ ခုနစ်ဦး၊ လူဝီစီယားနားမှ ခြောက်ဦးနှင့် အာကန်ဆော့ပြည်နယ်မှ တစ်ဦးအပါအဝင် အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်ရှစ်ခုတွင် သေဆုံးသူပေါင်း အနည်းဆုံး ၃၀ ရှိပြီဖြစ်သည်ဟု အေပီသတင်းဌာနမှ ဖော်ပြသည်။ ပင်လယ်ကမ်းခြေနှင့်ဝေးသော ပြည်နယ်များတွင် သေဆုံးမှုများပြားကြောင်း သိရသည်။ အိုက်ခ်မုန်တိုင်းသည် အနောက်ဘက် အလယ်ကြောတစ်ဝိုက်ဖြတ်သန်းရာ လမ်းကြောင်းတွင် သစ်ပင်များကိုလဲကျစေသည့်အပြင် ရေကြီးမှုလည်း ဖြစ်ပေါ်စေကာ အိုးအိမ်များကိုလည်း ဖျက်ဆီးခဲ့သည်။

ဘိုလီဘာကျွန်းဆွယ်တွင် ရေမကြီးမီကပင် ကြိုတင်၍ အိမ်ခေါင်မိုးများ၊ ရေတိုင်ကီများပေါ်တွင် ရောက်ရှိနေကြသော လူအများအပြားကို ကယ်ဆယ်နိုင်ခြင်းမရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပင်လယ်ကမ်းစပ်တစ်လျှောက်တွင် ပြားပြားဝပ်သွားသော အိမ်များ၊ ပျက်စီးနေသော ဆိပ်ခံတံတားများ၊ ကမ်းပေါ်သို့တင်နေသော မော်တော်ဘုတ်များ၊ အဝေးပြေးလမ်းမကြီးများပေါ်တွင်တင်နေသော အမှိုက်သရိုက်များနှင့် အပျက်အစီးမြင်ကွင်းများကို တွေ့ရသည်။ ***အင်တာနက်။***

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အီသနောနှင့်ဓာတ်ဆီ ရောနှောလောင်စာ ဗီယက်နမ်တွင် စတင်ရောင်းချ

ဟနွိုင်း စက်တင်ဘာ ၁၅

ဗီယက်နမ်နိုင်ငံအနေဖြင့် စွမ်းအင်အတွက် ရေနံအပေါ် မှီခိုနေရမှုကို လျှော့ချရန်နှင့် ပြည်တွင်းစွမ်းအင်ဖူလုံမှုရှိစေရေးအတွက် အီသနောနှင့်ဓာတ်ဆီ ရောနှောထားသော လောင်စာများကို စက်တင်ဘာ ၁၅ ရက်မှ စတင်၍ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း ပက်ထရိုဗီယက်နမ်ကုမ္ပဏီက ပြောကြားသည်။

ပြည်တွင်းထွက် ကြံနှင့် ပီလောပီနံများကို အသုံးပြု၍ လည်းကောင်း၊ ဘရာဇီးမှ တင်သွင်းသော အီသနောကို အသုံးပြုရောနှော၍လည်းကောင်း ဂက်စ်ဆိုဟောလ်အီး ၅လောင်စာကို ထုတ်လုပ်ရောင်းချသည်။ထိုလောင်စာတွင် အီသနော ၅ ရာခိုင်နှုန်းနှင့် ဓာတ်ဆီ ၉၅ရာခိုင်နှုန်း ပါဝင်သည်ဟု ဆိုသည်။

ယင်း ဂက်စ်ဆိုဟောလ်အီး ၅ လောင်စာကို နိုင်ငံမြောက်ပိုင်း ဖူသိုပြည်နယ်ရှိ ဇီဝလောင်စာစက်ရုံမှ ရောစပ် ထုတ်လုပ်ပေးခြင်းဖြစ်သည်။ ထိုစက်ရုံ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာသန်းစဝရှိကြောင်းသိရသည်။

အဆိုပါ စက်ရုံထွက် လောင်စာသစ်ကို ဟနွိုင်းတွင် စမ်းသပ်ဖြန့်ဖြူးခဲ့ပြီးနောက် အခြားမြို့ကြီးများဖြစ်သော ဟိုချီမင်းနှင့် ကန်သိုမြို့တို့၌လည်း တိုးချဲ့ဖြန့်ဖြူးလျက်ရှိသည်။

လူဦးရေ ၈၆သန်းရှိသော ဗီယက်နမ်နိုင်ငံသည် နှစ်စဉ် ရေနံထွက်ပစ္စည်းလောင်စာ ဝယ်လိုအား ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအကြား တိုးတက်လျက်ရှိကြောင်း ပက်ထရိုဗီယက်နမ်က ပြောကြားသည်။ ထိုနိုင်ငံ၏ ကမ်းလွန်ပင်လယ်ပြင်တွင် ရေနံနှင့် ဓာတ်ငွေ့သိုက်အများအပြားရှိသော်လည်း ပြည်တွင်း၌ချက်လုပ်နိုင်စွမ်းမရှိသဖြင့်နှစ်စဉ်ပြည်ပမှ ရေနံထွက်ပစ္စည်း လောင်စာတန် ၁၂သန်းမှ ၁၄ သန်းအထိ တင်သွင်းနေရကြောင်း စာရင်းအင်းများက ဖော်ပြသည်။ ***အင်တာနက်။***

တရုတ်နိုင်ငံ အလယ်ပိုင်းရှိ ကျောက်မီးသွေးတွင်းပြို ၁၀ ဦး သေဆုံး

ရှန်ကျိုး စက်တင်ဘာ ၁၅

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ် လူရန်မြို့တွင် စနေနေ့က ကျောက်မီးသွေးတွင်း ပြိုကျမှုကြောင့် အလုပ်သမား ၁၀ ဦးသေဆုံးကြောင်း ဒေသခံအာဏာပိုင်များက တနင်္ဂနွေနေ့ည၌ အတည်ပြုပြောကြားသည်။

ကယ်ဆယ်ရေးသမားများက ယင်းအလုပ်သမား ၁၀ ဦး၏ အလောင်းများကို ည ၈နာရီ မိနစ် ၄၀တွင် ရှာဖွေတွေ့ရှိခဲ့သည်။ ၎င်းတို့သည် အသုံးမပြုဘဲ စွန့်ပစ်ထားသော ဥမင်လိုဏ်ခေါင်းအတွင်း သန့်ရှင်းရေးလုပ်နေစဉ် အချိန်မှာ စနေနေ့ည ၂နာရီ မိနစ် ၂၀ ၌ ကျောက်မီးသွေးတွင်း ပြိုကျခြင်းဖြစ်ကြောင်း သိရသည်။ ကျွမ်းကျင်သူများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ဥမင်လိုဏ်ခေါင်းအတွင်း ရေများဝင်ရောက်လာခြင်းကြောင့် တွင်းပြိုရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထိုကိစ္စနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိပြီး ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးက ပျောက်ဆုံးနေသူများကို အစွမ်းကုန်ကြိုးစား၍ ရှာဖွေသွားမည်ဖြစ်ကြောင်း အာမခံပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်တွင် အစိုးရတပ်ဖွဲ့၏ ထိုးစစ်ဆင်မှုကြောင့် စစ်သွေးကြွဟု ယူဆရသူ ၁၀ ဦးသေဆုံး

အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၅

ပါကစ္စတန်နိုင်ငံ အာဖဂန်နယ်စပ်အနီးတွင် စက်တင်ဘာ ၁၄ ရက်က ပါကစ္စတန်တပ်ဖွဲ့ဝင်များ၏ ရုတ်တရက် ထိုးစစ်ဆင်မှုကြောင့် စစ်သွေးကြွဟု ယူဆရသူ ၁၀ဦး သေဆုံးပြီးအခြား ၂၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း အစိုးရတပ်ဖွဲ့က ပြောကြားသည်။ ဘာကျူအာမျိုးနွယ်စုဒေသတွင် ငါးရက်ကြာစစ်ဆင်ရေးဆင်နွှဲခဲ့ရာ လူ ၁၀၀ ထက်မနည်းသေဆုံးခဲ့ရပြီး ၎င်းတို့ထဲတွင် စစ်သွေးကြွများအများဆုံးပါဝင်သည်ဟုဆိုသည်။ ယင်းဒေသတွင် အယ်လ်ခိုင်ဒါခေါင်းဆောင်အိုစမာဘင်လာဒင်နှင့်အတူ ၎င်း၏လက်ထောက်ဖြစ်သူ အိုင်မင်န် အယ်လ်-ဇာဝါဟရီဆိုသူတို့ ပုန်းအောင်းနေသည်ဟု သံသယရှိသဖြင့် အမေရိကန်စစ်ဘက်၏ အကူအညီဖြင့် ပါကစ္စတန်အစိုးရတပ်ဖွဲ့က ထိုးစစ်ဆင်ခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

ဂရိနိုင်ငံမြောက်ပိုင်း ပယ်လာအရပ် သင်္ချိုင်းဟောင်းတွင် ရှာဖွေတွေ့ရှိခဲ့သော ဘီစီ ၄၆၀ ခန့်က စစ်သူရဲကောင်းများ၏အုတ်ဂူများ၊ ချပ်ဝတ်အသုံးအဆောင်များနှင့် လက်နက်ပစ္စည်းများကို စက်တင်ဘာ ၁၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်မြောက်ပိုင်း၌ဗုံးကွဲ သုံးဦးသေ

ဘဂ္ဂဒက် စက်တင်ဘာ ၁၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း ဈေးတစ်ဈေးအတွင်းတွင် အင်္ဂါနေ့က စစ်ဘက်ထရပ်ကား တစ်စီးအနီး၌ ပေါက်ကွဲစေသော လက်နက်ခဲယမ်းများ အပြည့်အလျှံတင်ထားသော စက်ဘီးတစ်စီး ပေါက်ကွဲရာ အရပ်သားနှစ်ဦး သေဆုံးပြီး ၁၉ဦး ဒဏ်ရာရရှိကြောင်း အီရတ်အရာရှိများက ပြောကြားသည်။

ဘဂ္ဂဒက်မြို့၏ မြောက်ဘက် ၁၂ မိုင်အကွာ တာဂျီမြို့၏ အကြီးဆုံးဈေးအတွင်း၌ ရပ်ထားသော ထရပ်ကား၏ အနီးတွင် စက်ဘီးကို ရပ်ထားခဲ့ခြင်းဖြစ်သည်ဟု အမည်မဖော်လိုသော ရဲအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါဗုံးပေါက်ကွဲသည့် အချိန်တွင် ထရပ်ကားပေါ်မှ အစိုးရတပ်ဖွဲ့ဝင်များသည် ဈေးအတွင်း ကင်းလှည့်လျက်ရှိသည်။ ထရပ်ကားမှာ ဆိုးရွားစွာပျက်စီးသွားသည်။

အခြားဖြစ်စဉ်တစ်ခုမှာ ဘဂ္ဂဒက်မြောက်ပိုင်းဆွန်နီအများစု နေထိုင်ရာ ရပ်ကွက်၌ အမေရိကန်တပ်ဖွဲ့များ၏မဟာမိတ်ဖြစ်သော ဆွန်နီအုပ်စုမှ အဖွဲ့ဝင်တစ်ဦးသည် ၎င်း၏ကားအတွင်းထောင်ထားသော ဗုံးပေါက်ကွဲသဖြင့် သေဆုံးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ သေဆုံးသူမှာ အီရတ်၏ နိုးကြားလာသည့် ကောင်စီများဟုခေါ်သော ဆွန်နီအုပ်စုမှဖြစ်သည်။ ယင်းအဖွဲ့သည် ဆွန်နီလက်နက်ကိုင်များဖြစ်၍ တစ်ချိန်က သူပုန်များဖြစ်ခဲ့သည်။ ယခုအခါ အမေရိကန်တပ်ဖွဲ့များ၏ မဟာမိတ်ဖြစ်လာပြီး အယ်လ်ခိုင်ဒါများကို ဆန့်ကျင်လျက်ရှိသည်။

အင်တာနက်။

အီရတ်စစ်ပွဲ၌ အမေရိကန်တပ်ဖွဲ့မှသေဆုံးသူ ၄၁၅၇ဦးရှိ

ဝါရှင်တန် စက်တင်ဘာ ၁၆

အီရတ်နိုင်ငံတွင် ၂၀၀၃ ခုနှစ် မတ်လမှစ၍ ၂၀၀၈ခုနှစ် စက်တင်ဘာ ၁၄ ရက်အထိ ကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၄၁၅၇ဦးထက်မနည်း သေဆုံးခဲ့သည်။

ထိုသေဆုံးသူဦးရေတွင် အရပ်ဘက် စစ်ဝန်ထမ်း ရှစ်ဦးပါဝင်သည်။ တိုက်ပွဲများကြောင့် သေဆုံးသူဦးရေမှာ ၃၃၇၇ဦးထက်မနည်း ရှိသည်ဟု အမေရိကန်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။ ထိုတိုက်ပွဲများတွင် ဗြိတိန်၁၇၆ဦး၊ အီတလီ၃၃ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန်၂၁ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဒိန်းမတ် ခုနစ်ဦး၊ အယ်ဆာဗေဒို ငါးဦး၊ ဆလိုဗက်ကီးယား လေးဦး၊ လက်ဗီးယားနှင့် ဂျော်ဂျီယာမှ သုံးဦးစီ၊ အက်စတိုနီးယား၊နယ်သာလန်၊ ထိုင်း၊ ရိုမေးနီးယားတို့မှ နှစ်ဦးစီနှင့် ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်၊ တောင်ကိုရီးယားမှ တစ်ဦးစီလည်း သေဆုံးခဲ့သည်။ ***အင်တာနက်။***

ဗုံးပေါက်ကွဲမှုများကြောင့် အီရတ်တွင် လူ ၃၂ ဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၆

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်နှင့် အရှေ့မြောက်ပိုင်းတွင် စက်တင်ဘာ ၁၅ ရက်က ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၃၂ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု အီရတ်တာဝန်ရှိသူများက ပြောကြားသည်။ ယခု နောက်ဆုံး ပေါက်ကွဲမှုသည် သောင်းကျန်းသူများလက်ချက်ဟု ယူဆရကြောင်း၊ အီရတ်နိုင်ငံ၏ လုံခြုံရေး အခြေအနေ တိုးတက်ကောင်းမွန် နေသည်ဟု ပြည်သူများ၏ယုံကြည်ချက်ကို ယခုဖောက်ခွဲမှုက ဖျက်ဆီးလိုက်ခြင်းပင် ဖြစ်ကြောင်း သတင်း၌ ဖော်ပြထားသည်။

ဘဂ္ဂဒက်မြို့အရှေ့မြောက်ပိုင်း ၄၅ မိုင်အကွာ ဘာလက်ဒ်ရူဒေသ၌ ညနေပိုင်းက ဖြစ်ပွားသော အသေခံဗုံးဖောက်ခွဲမှုတွင်၂၀ ထက်မနည်း သေဆုံးပြီး ၃၀ ထိခိုက်ဒဏ်ရာရရှိသည်ဟု ဒီယာလားပြည်နယ် စစ်ဘက်အကြီးအကဲဗိုလ်ချုပ်အဗ္ဗဒူလ်ကာရစ်အယ်လ်ရူဘိုင်က ပြောကြားသည်။ ထိုဗုံးခွဲတိုက်ခိုက်ခံရမှုတွင် သေဆုံးသူအများစုမှာ ရဲတပ်ဖွဲ့ဝင်များ ဖြစ်သည်။

ဗုံးခွဲတိုက်ခိုက်ခဲ့သူမှာ အမျိုးသမီးတစ်ဦးဖြစ်သည်ဟု ရဲအရာရှိက ပြောကြားပြီး ဗုံးဖောက်ခွဲသူသည် ယခင် ရဲအရာရှိဟောင်း၏ အိမ်ကို အဓိကထား ဖောက်ခွဲခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ အဆိုပါ ရဲချုပ်သည် အမေရိကန် အုပ်ချုပ်နေသော ဘူကာအကျဉ်းထောင်၌ တစ်နှစ်မျှ ထိန်းသိမ်းခံရပြီးနောက် တနင်္လာနေ့တွင် ပြန်လည်လွတ်လာခဲ့သည်။

အင်တာနက်။

စက်တင်ဘာ ၁၅ ရက်က ဘဂ္ဂဒက်မြို့ ရဲတပ်ဖွဲ့ကင်းစခန်းအား ကားဗုံးဖြင့် တိုက်ခိုက်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ မော်တော်ဆိုင်ကယ်တွင် ဗုံးများတပ်ဆင်၍ ရှင်ဒန်ခရိုင်အကြီးအကဲကို ပစ်မှတ်ထား တိုက်ခိုက်ပြီးနောက် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် လမ်းဘေးဗုံးကွဲ နှစ်ဦးသေ

ကဘူး စက်တင်ဘာ ၁၆

အာဖဂန်နစ္စတန်အနောက်ပိုင်းတွင် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် နှစ်ဦးသေဆုံးကြောင်း၊ ရဲတပ်ဖွဲ့ဝင်များကို သင်တန်းပို့ချပေးနေသော အမေရိကန်နှစ်ဦးအား သူပုန်များက တိုက်ခိုက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

အနောက်ပိုင်း ဟီရတ်ပြည်နယ် ရှင်ဒန်ခရိုင်အကြီးအကဲကို ပစ်မှတ်ထား၍ ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဗုံးကို မော်တော်ဆိုင်ကယ်၏ အောက်တွင်ထားရှိပြီး ဖောက်ခွဲရာ ခရိုင်အကြီးအကဲအား လွဲချော်သွားခဲ့ပြီး အခြားကားတစ်စီးနှင့် စီးနင်းလိုက်ပါလာသော ၎င်း၏သား အပါအဝင်နှစ်ဦး သေဆုံးကြောင်း အဆိုပါ ရဲအရာရှိက ပြောကြားသည်။ အခြားလူခုနစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

သီးခြားဖြစ်စဉ်တစ်ခုမှာ အာဖဂန်နစ္စတန်နှင့်အီရန်နယ်စပ်ဒေသအစ္စလာမ်ကာလာမြို့မှထွက်ခွာလာသောအာဖဂန်ရဲတပ်ဖွဲ့များအား သင်တန်းပေးနေသည့် အမေရိကန် နှစ်ဦးအား သယ်ဆောင်လာသော ကားကို သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ရဲတပ်ဖွဲ့ အကြီးအကဲရာမူတူလာချ်ဇာဖိကပြောကြားသည်။

အမေရိကန် နှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိသွားခြင်းမရှိဘဲ ၎င်းတို့၏ကျည်ကာကားမှာ ပျက်စီးသွားသည်ဟု ဇာဖိက ပြောကြားသည်။

အင်တာနက်။

အင်ဒိုနီးရှားတွင် ဝရုန်းသုန်းကားဖြစ်၍ ၂၁ ဦးသေဆုံး

ဂျကာတာ စက်တင်ဘာ ၁၆

အင်ဒိုနီးရှားနိုင်ငံတွင် လူအများ ဝရုန်းသုန်းကားဖြစ်ကာ တစ်ဦးကို တစ်ဦးတက်နင်းမိကြ၍ အနည်းဆုံး ၂၁ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြသည်ဟု တာဝန်ရှိသူများနှင့် သတင်းများက ဖော်ပြသည်။

ရိုက်ကူးပြသ

အရှေ့ဂျာဗားပါဆူရမ်မြို့မှချမ်းသာကြွယ်ဝသောမိသားစုမှစွန့်ကြဲပေးကမ်းသည်ကို လာရောက်စောင့်ဆိုင်းနေကြသော လူအုပ်ကြီးအတွင်း တစ်ဦးကို တစ်ဦး တက်နင်းမိကြခြင်းဖြစ်သည်။ လူတစ်ဦးလျှင်လေးဒေါ်လာအထိဝေငှသည်ဟု ဆိုသည်။ လူအုပ်ကြီးပိလာသဖြင့် ခြံစည်းရိုးဘက်သို့ အတွန်းခံရသော အော်ဟစ်နေကြသည့် အမျိုးသမီးများကို ရုပ်မြင်သံကြားတွင် ရိုက်ကူးပြသသွားသည်။

သေဆုံး

ချမ်းသာသော မိသားစုတစ်စုက ပေးသောငွေကိုရရှိရန် စောင့်နေကြသော လူအုပ်ကြီးသည် ထောင်ပေါင်းများစွာရှိသည်ဟု ဆိုသည်။ အချို့လူများသည်အောက်ဆီဂျင်နည်းပါးသွားသည့်အတွက် အသက်ရှူကြပ်ကာ သေဆုံးရသကဲ့သို့အချို့မှာ လူနင်းခံရသဖြင့်သေဆုံးခြင်းဖြစ်သည်။ ဒဏ်ရာရရှိသောသူများကိုဆေးရုံသို့တင်ပို့ထားသည်ဟုသတင်းဌာနမှ ဖော်ပြသည်။ သေဆုံးသူအများစုမှာ အမျိုးသမီးများဖြစ်သည်ဟုဆိုသည်။ ***အင်တာနက်။***

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗား ပါဆူရမ်မြို့တွင် အလှူငွေရယူရန် သူ့ထက်ငါ အလုအယက် တိုးဝှေ့ ဝရုန်းသုန်းကား ဖြစ်နေကြသော လူအုပ်ကြီးကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

ဖိလစ်ပိုင်အစိုးရတပ်ဖွဲ့နှင့် သူပုန်များ တိုက်ပွဲဖြစ် သူပုန်ရှစ်ဦး သေဆုံး

မနီလာ စက်တင်ဘာ ၁၆

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ပြီးခဲ့သော သီတင်းပတ်အတွင်းက အစ္စလာမ္မစ်သူပုန်များနှင့် ဖိလစ်ပိုင်တပ်ဖွဲ့များ အကြိမ်ကြိမ် တိုက်ခိုက်မှုများ ဖြစ်ပွားရာ အနည်းဆုံး သူပုန်ရှစ်ဦး သေဆုံးသွားကြောင်း သိရသည်။၎င်းသေဆုံးသူများတွင် ဒေသဆိုင်ရာ သူပုန်ခေါင်းဆောင်တစ်ဦးလည်း ပါဝင်ကြောင်း စက်တင်ဘာ ၁၄ ရက်ထုတ် အင်ကွာရာနက်သတင်းတွင် ဖော်ပြထားသည်။

မာဂွင်ဒါနာအိုပြည်နယ် ရွှံ့ညွန်ထူထပ်သော ဒါကူပင်မြို့အနီးတွင် စက်တင်ဘာ ၁၃ ရက်က တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အမှတ် ၆၀၁ တပ်ရင်းကြီးမှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူး ပီတာအက်ဒဝပ်နာဗာရိုက ပြောကြားသည်။

မိုရိုအစ္စလာမ္မစ်သူပုန်အဖွဲ့ (အမ်အိုင်အယ်လ်အက်ဖ်)နှင့် တိုက်ပွဲဖြစ်ပွားရာတွင် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်တစ်ဦးနှင့် သူပုန်ဟု မသင်္ကာရသူ ခုနစ်ဦးတို့ သေဆုံးကြကြောင်း သိရသည်။ ဖိလစ်ပိုင်တပ်ဖွဲ့များ၏ ပိတ်ဆို့တိုက်ခိုက်မှုကြောင့် ဒုတိယ သူပုန်ခေါင်းဆောင် အာမီရယ်လ် အွမ်ဘရာကာတို ဦးစီးသော သူပုန်အဖွဲ့ကို ဒါကူပင်မြို့တွင် ဝိုင်းမိထားခြင်းဖြစ်သည်ဟုနာဗာရိုက ပြောကြားသည်။

အမ်အင်အေး၊ဆင်ဟွာ။

ပလေယာအသစ်များ. . . . Statesman ဖြစ်ကြပါစေ

ကျော်မင်းအေး

စာနယ်ဇင်းသမား တစ်ယောက်အနေဖြင့် New Statesman ဟူသည့် ပြည်ပသတင်းစာတစ်စောင်၏ အမည်ကို အမှတ်ထင်ထင် ရှိခဲ့ပါသည်။တစ်နေ့တွင် သတင်းစာဆောင်းပါးပေါင်းချုပ် စာအုပ်တစ်အုပ်ကို ဖတ်ရင်း ဆောင်းပါးတစ်ပုဒ်၌ The difference between a politician and a statesman is : a politician thinks of the next election and a statesman thinks of the next generation ဟူသည့် အဆိုအမိန့်ကို တွေ့လိုက်ရပါသည်။ James Freeman Clarke ဆိုသူက ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် Statesman ဆိုသည့် ဝေါဟာရကို သဘောတွေ့သွားပါသည်။ လက်လှမ်းမီရာ အဘိဓာန်များတွင် ရှာကြည့်ရာ Webster's New World Dictionary က-

> statesman(n): a person who shows wisdom, skill, and vision in conducting state affairs and dealing with public issues or one engaged in the business of government.

ဟူ၍ ဖော်ပြထားပါသည်။

မော်ဒန်အသံထွက် အဘိဓာန်တွင်မူ statesman(n): person skilled in the management of public or national affairs. နိုင်ငံရေး၊ အုပ်ချုပ်ရေးကျွမ်းကျင်သူဟူ၍ ဆိုထားပါသည်။

ခေတ်သစ်အဘိဓာန်ကလည်း statesman(n): a man versed in the arts of government, a politician, one eminent for politician; one eminent for political abilities; တိုင်းပြည်ရေးရာတွင် ကျွမ်းကျင်သူ၊ တိုင်းပြည်ကို အုပ်ချုပ်တတ်သူ၊ နိုင်ငံရေးသမား၊ ထင်ပေါ်သည့် နိုင်ငံရေးသမားဟူ၍ ဆိုထားပါသည်။

ဤသို့ဖြင့် statesman ကို နိုင်ငံရေးသုခမိန်၊ အမျိုးသားနိုင်ငံရေးသမားဟူ၍ မိမိဟာဒယနှင့်ညှိပြီး အဓိပ္ပာယ်ဖွင့်ဆိုကာ သဘောတွေ့နေမိပါသည်။ ဤကာလတွင် တိုက်တိုက်ဆိုင်ဆိုင် ဂျာနယ် နှစ်စောင်မှ ဆောင်းပါးနှစ်ပုဒ်ကို ဖတ်ရှုမိရင်း မြန်မာ့နိုင်ငံရေးရှုခင်းအား ပုံဖော်ကြည့်လိုက်မိပါသည်။

ရှေးဦးစွာ မိတ်ဆက်ပေးလိုသည့်ဆောင်းပါးမှာ၁၉-၈-၂၀၀၈ ရက်နေ့ထုတ်ပေါ်ပြူလာဂျာနယ်မှ ဆရာမောင်ဝံသ၏ **"အမျိုးသားနိုင်ငံရေးဋီကာ"**ဖြစ်ပါသည်။ စာဖတ်သူများ ခြိုင့်မိစေရန်အတွက် အောက်ပါအတိုင်း ကောက်နုတ်တင်ပြလိုက်ပါသည်-

> "အမျိုးသားနိုင်ငံရေးဆိုတဲ့ ဝေါဟာရကို တွင်တွင်ကျယ်ကျယ် သုံးလာကြတာ သိပ်မကြာသေးပါဘူး။ ကျွန်တော် သတိထားမိသလောက်တော့ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ အမျိုးသားနိုင်ငံရေးနဲ့ ပါတီနိုင်ငံရေးဆိုပြီး ခွဲခြားပြောလာကြတာဖြစ်ပါတယ်. . . . ။
>
> "အမျိုးသားနိုင်ငံရေးဆိုတာ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့အရေး national cause မှာ ကျရာအခန်းကဏ္ဍက ပါဝင်ထမ်းဆောင်တာကိုခေါ်ပါတယ်. . . ။ တစ်မျိုးသားလုံးနဲ့သက်ဆိုင်တဲ့အရေးဆိုတာကို ဥပမာပေးရရင် နယ်ချဲ့အင်္ဂလိပ်တွေရဲ့ ကျွန်ဘဝက လွတ်မြောက်ရေးကြိုးပမ်းမှု၊ ဖက်ဆစ်ဂျပန်ကိုတော်လှန်မှု၊ ၁၉၅၀ ပြည့်နှစ်များက မြန်မာနိုင်ငံ ကြုံတွေ့ခဲ့ရတဲ့ တရုတ်ဖြူကျူးကျော်မှုအန္တရာယ်ကို ကမ္ဘာသိအောင်လုပ်ပြီး စစ်ရေးအရ ပြန်လည်တိုက်ထုတ်ခဲ့မှု၊ လောလောဆယ် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး ကြိုးပမ်းမှုတို့ ဖြစ်ပါတယ်။ ဒါတွေ အားလုံးဟာ တိုင်းချစ် ပြည်ချစ်စိတ်ရှိသူ လူတိုင်းပါဝင်နိုင်တဲ့ အမျိုးသားနိုင်ငံရေး ဖြစ်ပါတယ်. . . ။
>
> **"နိုင်ငံရေးသမား၊ နိုင်ငံရေးခေါင်းဆောင်တွေကို စကားလုံးနှစ်မျိုးနဲ့ ခွဲခြားပြနိုင်ပါတယ်။** statesman **နဲ့** politician **ဆိုပြီး ခွဲခြားပါတယ်။ အဘိဓာန်အဓိပ္ပာယ်အရ** statesman **ဆိုတာ နိုင်ငံပြုသုခမိန်၊ အမြော်အမြင်ကြီးမားတဲ့ နိုင်ငံရေးသမား၊** politician **ကတော့ နိုင်ငံရေးသမားပါပဲ။ ဒီတော့ကာ** statesman **တွေလုပ်တဲ့ နိုင်ငံရေးကို အမျိုးသားနိုင်ငံရေးလို့ ပြောနိုင်တယ်။ ကိုယ့်ပါတီအာဏာရရေးထက် ကိုယ့်တိုင်းပြည် ကောင်းစားရေးကို အဓိကထားခြင်းသည် အမျိုးသားနိုင်ငံရေးပဲလို့ ဖွင့်ဆိုနိုင်တယ်. . . ။**
>
> **"ဖွင့်ဆိုချက်တစ်ခုတွေ့ဖူးတာက** politician **ဟာ လာမယ့်ရွေးကောက်ပွဲအတွက် ကြည့်တယ်တဲ့။** statesman **က နောက်မျိုးဆက်တစ်ခုအတွက်ပါ ကြည့်တယ်တဲ့။ တော်တော်အဓိပ္ပာယ် 'တာ'သွားတဲ့ဖွင့်ဆိုချက်ပါပဲ။** statesman **အဆင့်ရောက်သွားရင် ကိုယ့်ပါတီအာဏာရရေးကို ရှေ့တန်းမတင်တော့ဘူး‌တစ်မျိုးသားလုံး ကောင်းကျိုးချမ်းသာ ဖြစ်ထွန်းဖို့ကိုပဲ ကြိုးစည် လုပ်ဆောင်ပါတော့တယ်. . . ။**
>
> "နိုင်ငံရေးပါတီတွေဟာ ဒီမိုကရေစီစနစ်နဲ့ တစ်တွဲတည်း ပါရှိရမယ့် အင်္ဂါအစိတ်အပိုင်းတွေ ဖြစ်ပါတယ်. . . ။ ဒီမိုကရေစီစနစ်မှာ နိုင်ငံရေးပါတီတစ်ရပ်ဟာ ပြည်သူလူထုကို လိမ်လို့ မရပါဘူး။ လိမ်လို့ရတယ်ဆိုရင်လည်း ကြာကြာလိမ်လို့မရပါဘူး။ ရွေးကောက်ပွဲနောက်တစ်ကြိမ်ကျရင် ပြည်သူလူထုက ဆန္ဒမဲပေးပြီး ဆုံးမမှာပါပဲ။ အဲဒီလိုလုပ်ခွင့်ရှိတဲ့ ဆန္ဒမဲပေးခွင့်စနစ်ကို ကျင့်သုံးခြင်းဟာ ပြည်သူအားလုံးပါဝင်နိုင်တဲ့ အမျိုးသားနိုင်ငံရေး ဖြစ်ပါတယ်။ ပြည်သူတွေကို ကိုယ်စားပြုပြီး တိုင်းရေးပြည်မှုများကို စီမံခန့်ခွဲမယ့် ပြည်သူ့ကိုယ်စားလှယ်များကို လူမှန်နေရာမှန် ရွေးချယ်နိုင်ဖို့ ရွေးကောက်ပွဲတွေမှာ မပျက်မကွက်ဆန္ဒမဲပေးခြင်းဟာလည်း အမျိုးသားနိုင်ငံရေး လုပ်ခြင်းပါပဲ။"

ဆက်လက်မိတ်ဆက်ပေးချင်သည့် ဆောင်းပါးကတော့ ၈-၈-၂၀၀၈ ရက်နေ့ထုတ် မော်ဒန်သတင်းဂျာနယ်မှ ဆရာမောင်စူးစမ်း၏ **"နိုင်ငံရေးသစ်ချင်း ဖျတ်ခနဲယှဉ်ကြည့်"**ဖြစ်ပါသည်။ ၎င်းဆောင်းပါး ဒုတိယပိုင်းတွင် အခုလိုဖော်ပြထားပါသည်-

> "ဤအကြောင်းကို ရေးရသည်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်တစ်ရပ် ပြဋ္ဌာန်းပြီးလျှင် ပေါ်ပေါက်တတ်သော အတွေ့အကြုံကို ထိုင်းနိုင်ငံ၏ သင်ခန်းစာဖြင့် ကြိုတင်နားလည်ထားလို၍ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲပြုလုပ်မည်ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်နှင့် အခင်းအကျင်းအသစ်ဖြစ်နေပြီဖြစ်၍ နိုင်ငံရေးသည်လည်း အသစ်ဖြစ်ဟန်ရှိမည်။
>
> "ယခု ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် ပြဋ္ဌာန်းပြီးဖြစ်သည်။ ဤအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲအသစ်ပေါ်လာမည်။ ထို့ကြောင့် လက်ရှိ တပ်မတော်အစိုးရသည် အိမ်စောင့် အစိုးရသဘော ဖြစ်သွားသည်။
>
> အတည်ပြုပြဋ္ဌာန်း လိုက်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်နှင့် ပြဋ္ဌာန်းရန် ကျန်သည့်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေတို့အရ ပလေယာအသစ်တွေ ပေါ်လာတော့မည်။
>
> "ပလေယာအသစ်တွေ ကွင်းသစ်၌ ဒိုင်လူကြီးဖြင့် ကစားရမည့် သဘောသည်ကပင် နိုင်ငံရေးအသစ်ဖြစ်ဖွယ်ရှိသည်။--- မြန်မာ့နိုင်ငံရေးအသစ်၌ ဘယ်လိုပလေယာအသစ်တွေ ပေါ်လာမည်မသိ။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေသစ် ပြဋ္ဌာန်းပြီးမှသာ ပုံသဏ္ဍာန်အလိုက် ပုံပန်းဖမ်းနိုင်မည်။
>
> **"လက်ရှိအခြေအနေ၌ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ထွန်းမှုသည် စပိမြန်နှုန်းပြဿနာ** (the matter of speed)**သာဖြစ်မည်။ စင်ပြိုင်အစီအစဉ်၊ တခြားရွေးချယ်စရာအစီအစဉ်နှင့် ဖိုရမ်** (alternative agenda and forum)**တို့သည် ဖြစ်နိုင်ခြေမရှိပေ။ ထို့ကြောင့် ဖြစ်နိုင်ခြေတကယ်ရှိနေသည့် အစီအစဉ်ကို မြန်မြန်ဖြစ်အောင်သာ တိုက်တွန်းဖို့ရှိသည်။ ထို့ကြောင့် စပိသည်သာ အဓိကပြဿနာဖြစ်သည်။ ဤနေရာ၌ အလှတန်ဆာဆင်မှု** (decoration)**နှင့် အနှစ်သာရ** (substance) **တို့ ခြားနားပုံကို သတိချပ်အပ်သည်။ ဒိုင်ယာလော့ခ်သည် အလှတန်ဆာဆင်ခြင်းသာဖြစ်၍ အနှစ်သာရမဟုတ်ပေ။ အလှတန်ဆာဆင်မှုကို စွဲမက်လွန်းလျှင် ဤအလှတန်ဆာ ဆင်မှုထဲ ချောင်ပိတ်မိပြီး ထွက်နိုင်မည်မဟုတ်ပေ။ အလှ တန်ဆာဆင်မှုကို တရားသေကိုင်သည်မှာ မိုက်မဲသည်။"**

ဖော်ပြပါ ဆောင်းပါးနှစ်ပုဒ်လုံးကို အပြည့်အစုံဖတ်ရှုသင့်ပါသည်။ ၎င်းဆောင်းပါးများကို ဆန်းစစ်ခြင်းဖြင့် မြန်မာ့နိုင်ငံရေးရှုခင်းကို ပုံဖော်ကြည့်လာနိုင်မည်ဟု ထင်မြင်မိပါသည်။ မြန်မာ့နိုင်ငံရေးခရီးတွင် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများ မလွဲမသွေ လိုအပ်မည်ဖြစ်သလို အမျိုးသားနိုင်ငံရေးသမားများလည်း မရှိမဖြစ် လိုအပ်မည် ဖြစ်ပါသည်။ အမျိုးသားနိုင်ငံရေးကို နိုင်ငံရေးပါတီဝင်မှ၊ နိုင်ငံရေးသမားဖြစ်မှ လုပ်ဆောင်နိုင်သည်မဟုတ်ဘဲ ပုဂ္ဂလိကတစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်း (civil society)များအနေဖြင့်လည်းကောင်း လုပ်ဆောင်အပ်ပါသည်။ မြန်မာ့နိုင်ငံရေး အခင်းအကျင်းသစ်၌ ပေါ်ပေါက်လာမည့် ပလေယာအသစ်များသည် statesman ဖြစ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။

"နိုင်ငံရေးသမား၊ နိုင်ငံရေးခေါင်းဆောင်တွေကို စကားလုံးနှစ်မျိုးနဲ့ ခွဲခြားပြနိုင်ပါတယ်။ statesman နဲ့ politician ဆိုပြီး ခွဲခြားပါတယ်။ အဘိဓာန်အဓိပ္ပာယ်အရ statesman ဆိုတာ နိုင်ငံပြုသုခမိန်၊ အမြော်အမြင်ကြီးမားတဲ့ နိုင်ငံရေးသမား၊ politician ကတော့ နိုင်ငံရေးသမားပါပဲ။ ဒီတော့ကာ statesman တွေလုပ်တဲ့ နိုင်ငံရေးကို အမျိုးသားနိုင်ငံရေးလို့ ပြောနိုင်တယ်။ ကိုယ့်ပါတီအာဏာရရေးထက် ကိုယ့်တိုင်းပြည် ကောင်းစားရေးကို အဓိကထားခြင်းသည် အမျိုးသားနိုင်ငံရေးပဲလို့ ဖွင့်ဆိုနိုင်တယ်....။

ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား အသိပညာပေး ဆွေးနွေးဟောပြော

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တိုင်း ကြီးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး ဒုတိယရဲမှူးမြင့်အောင်သည် ဒုတိယရဲမှူးဝင်းမြိုင်နှင့်အတူ စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် ရန်ကုန်အနောက်ပိုင်းခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ ခရီးသည်တင်ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၅၄ ဦးအား ယာဉ်မတော်တဆမှုအန္တရာယ် ကင်းဝေးစေရေးအတွက် ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်းများအား အသိပညာပေး ဟောပြောပို့ချခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

စမ်းချောင်းမြို့နယ် အမက (၆) ၂၀၀၇-၂၀၀၈ခုနှစ် မိဘ ဆရာ အသင်း နှစ် ပတ် လည် အစည်းအဝေး နှင့် ပညာရည် ချွန်ဆုပေးပွဲကို စက် တင် ဘာ ၁၃ ရက် က ကျင်းပရာ စတုတ္ထတန်းမှ ပထမဆုရ မခင်မြတ်နိုးအား ကျောင်းအုပ်ဆရာကြီး ဦးအေး ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

မိတ္ထီလာ ဘိုးဘွားရိပ်သာသို့ အလှူငွေများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၆

နှစ်ဖက်မိဘများဖြစ်ကြသော ဦးခင်မောင်လတ်-ဒေါ်နှင်းကြည်၊ဦးမာကြီး-ဒေါ်ကြည်လှိုင်တို့အား အမှူးထား၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၁၂) ကျောက်ကုန်းလမ်းနေဦးမျိုးမြင့်-ဒေါ်မေစီ၊ သမီး မေမာလှိုင်နှင့် မောင်နှမတစ်စုက မိတ္ထီလာဘိုးဘွားရိပ်သာ ရေသန့်စက်အတွက် ငွေကျပ် ၁၀သိန်းနှင့် ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းတို့ကို ဘိုးဘွားရိပ်သာနာယကကြီး ဦးအောင်ရွှေထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (ကြေးမုံ)

သဘာဝဘေးကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေး(နည်းပြ)သင်တန်း ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ INGO ပူးပေါင်းဖွင့်လှစ်သည့် သဘာဝဘေးကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေး(နည်းပြ)သင်တန်းကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မင်္ဂလာမြန်မာဖောင်ဒေးရှင်းအဖွဲ့မှ ဒေါက်တာ အောင်ထွန်းသက်က သင်တန်းနှင့် စပ်လျဉ်းသည်များကို ပဏာမရှင်းလင်းပြောကြားသည်။

တက်ရောက်

ယခုဖွင့်လှစ်သော သင်တန်းကို သဘာဝဘေးဒဏ် စီမံခန့်ခွဲရေးတွင် ပါဝင်ပတ်သက်နေသူများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် ရည်ရွယ်၍ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် INGO များမှ အတွေ့အကြုံရှိ နည်းပြများ၏ နိုင်ငံတကာ အတွေ့အကြုံကို ရယူ၍ ပြည်သူများအား ထိထိရောက်ရောက် ပြန်လည်ဆင့်ပွားပညာပေးနိုင်စေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် UNICEF Myanmar UNDP, Malteser International, Pact Myanmar, ACF, Mercy Crop, Action Aid, နှင့် Mingalar Myanmar Foundation တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ ၁၉ရက်အထိ ပို့ချသွားမည်ဖြစ်ကာ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ သင်တန်းသား ၂၀နှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန သုံးခုမှ သင်တန်း သား ၁၀ ဦး စုစုပေါင်းသင်တန်းသား ၃၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ သဘာဝဘေး ကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေး(နည်းပြ)သင်တန်း ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

ကရင်ပြည်နယ်ရဲတပ်ဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၁၃ ရက်တွင် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဆယ်မောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ၂၀၀၈ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့်ရဲချုပ်တို့၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းတင်ပြပြီး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ကျန်းမာရေးလုပ်ငန်းစီမံချက် နည်းပြသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၆

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ပျိုရွယ်သူများ မျိုးဆက်ပွားကျန်းမာရေး နည်းပြသင်တန်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် မြောက်ဦးမြို့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က အမှာစကား ပြောကြားပြီး ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာချိုထွန်းက ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၅ ဦး၊ သင်တန်းသူ ၁၅ ဦး စုစုပေါင်း ၃၀ တက်ရောက်ပြီး စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ငါးရက်ကြာခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သံဖြူဇရပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၈) ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

သံဖြူဇရပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၈)ကိုစက်တင်ဘာ၄ရက်နံနက် ၉ နာရီတွင် သံဖြူဇရပ်မြို့ရှိ မြို့နယ်အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အသင်းနာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကား ပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သံဖြူဇရပ်မြို့နယ်မှ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ မြို့နယ်အောင်ချက်ရာခိုင်နှုန်းအကောင်းဆုံးဆုရ ကျောင်းများနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော အသင်းဝင်များအား ဂုဏ်ပြုဆုများကိုတာဝန်ရှိသူများနှင့် ပြည်နယ်အသင်းအတွင်းရေးမှူး ဦးတင်စိုးမိုးနိုင်တို့က ဆုချီးမြှင့် ကြသည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ အလှူငွေများကို ပေးအပ်ကြရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဦးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကိုအလှူရှင်များအား ပြန်လည်ပေးအပ်သည်။

(အပေါ်ပုံ)

ထို့နောက် မြို့နယ်အသင်း၏ ဇုန်နယ်မြေအလိုက်အစီရင်ခံစာများ၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာများ ဖတ်ကြားတင်သွင်းခြင်းနှင့် ရေးရာအလိုက် အစီရင်ခံစာများအပေါ် သုံးသပ်အကြံပြုကြပြီး ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဥပဒေ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၆

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတွင် ၁၉၇၅ ခုနှစ်မှ ၁၉၈၀ပြည့်နှစ်ထိ ပညာသင်ကြားခဲ့ကြသော ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ဒီဇင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးသိန်းထွန်း ဖုန်း-၀၉၈၀၂၃၇၇၈၊ ၅၂၅၀၆၀၊ ဦးတင်လတ် ဖုန်း-၅၅၃၆၅၄၊ ဒေါ်တင်မာရီ ဖုန်း - ၀၉၈၀၂၃၃၅၇၊ ဒေါ်ယဉ်ယဉ်ဝင်း ဖုန်း - ၀၉-၅၁၁၂၈၅၉၊ ဒေါ်ဆွေဆွေ ဖုန်း-၀၉၅၁၁၄၂၀၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၅။	မြန်မာစာမြန်မာစကား
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	**ကာတွန်းအစီအစဉ် -ကျားကလေးရဲ့ မွေးရပ်မြေ (အပိုင်း-၃၀)**
၆း၄၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**မြန်မာဗီဒီယိုဇာတ်လမ်းတွဲ -အိပ်မက်ဆိုးမှမနိုးခင် (အပိုင်း-၄)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း (အပိုင်း-၂၉)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာတွင် ဝါဝါဝင်းကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်ထားသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း/ပျဉ်ကာ နေအိမ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

○ ရွှေဖုံးမှ

လိုက်ပါလျက် ပုသိမ်မြို့မှ လပွတ္တာမြို့နယ် သယ်န်းကြီးကျေးရွာသို့ နံနက် ၉ နာရီတွင် ရဟတ်ယာဉ်များဖြင့် ရောက်ရှိသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၅)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းတင့်က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လပွတ္တာ-သယ်န်းကြီး-ပြင်စလူ လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းတို့က လမ်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာအနီး၌ ရေဘေးမှခိုလှုံနိုင်ရန် နမူနာတည်ဆောက်ထားသည့် သက်ကယ်တောင်ကုန်း (Hillock) ကို ကြည့်ရှုစစ်ဆေးကြရာ လပွတ္တာမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက အကာအကွယ်ရနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် သယ်န်းကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်သွားလာရေးကိစ္စများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျေးရွာ၌ ဈေးဆိုင်ငယ်များ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ယာယီရှင်းလင်းဆောင်၌ သယ်န်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ကုန်းကြီး၊ဒုကုဋ္ဌ၊ဂုံညင်းတန်း၊ သယ်န်းကြီးရွာလေး၊ ရွှေး စသည့်ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည့် သယ်န်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ၏ နေရေး၊ စားရေးနှင့် မူလအသက်မွေးဝမ်းကျောင်းအလိုက် လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့ကို ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

သယ်န်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများသည် ပင်လယ်အဝ၌ တည်ရှိသည့်ဒေသများဖြစ်၍ သဘာဝဘေးအန္တရာယ် ကျရောက်မှုကို ပိုမိုတွေ့ရှိရနိုင်သည့် ကျေးရွာများဖြစ်ကြောင်း၊ ပြီးခဲ့သည့် လေမုန်တိုင်းဒဏ်ကြောင့် ဤဒေသတွင် အသက်အိုးအိမ်ဆုံးရှုံးမှုများစွာရှိခဲ့သည်ကို မိမိတို့ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မည့် ကျေးရွာများကို လုံခြုံစိတ်ချစွာ နေထိုင်နိုင်သည့် နေရာများ၌ နေထိုင်ရေးကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤဒေသရှိ သဘာဝဘေးအန္တရာယ် ကြုံတွေ့နိုင်သည့် ကျေးရွာများကိုလည်း ဒေသနေ ပြည်သူများ၏ ဆန္ဒနှင့်အညီ လုံခြုံစိတ်ချရမည့်နေရာများ၌ နေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပင်လယ်ပိုင်းဒေသများအထိ ဆက်သွယ်သွားလာနိုင်ပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက ဘေးအန္တရာယ်လွတ်ရာများသို့ အလွယ်တကူ ရှောင်ရှားနိုင်ရန် လမ်းကွန်ရက်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ဤဒေသ၌လည်း လပွတ္တာ-သယ်န်းကြီး-ပြင်စလူ ကားလမ်းကို ဖောက်လုပ်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လပွတ္တာ-သယ်န်းကြီး-ပြင်စလူလမ်း၏ လပွတ္တာ-

လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

သယ်န်းကြီးအပိုင်း မြေသားလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

လပွတ္တာ-သယ်န်းကြီး-ပြင်စလူလမ်းမှာ ၃၅ မိုင် နှစ်ဖာလုံ ရှိသည်။ ယင်းလမ်းကို လပွတ္တာ-သယ်န်းကြီးအပိုင်း၊ သယ်န်းကြီး-စလူဆိပ်အပိုင်း၊ စလူဆိပ်-ပြင်စလူအပိုင်းဟူ၍ သုံးပိုင်းခွဲခြားကာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဖောက်လုပ်လျက်ရှိသည်။ ယင်းလမ်းပိုင်းများအနက် ၁၈ မိုင် ၆ ဖာလုံရှိ လပွတ္တာ-သယ်န်းကြီးအပိုင်းမှာ တစ်ကြောင်းထိုးလမ်းအဖြစ် ဖောက်လုပ်ပြီးစီးနေပြီဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာ-သယ်န်းကြီးလမ်းပိုင်းကို ရဟတ်ယာဉ်ပေါ်မှ ထပ်မံကြည့်ရှုစစ်ဆေးပြီး ပြင်စလူမြို့သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့၌ မက်စ်(မြန်မာ)ကုမ္ပဏီလီမိတက်က လေဘေးသင့် အိုးအိမ်မဲ့ပြည်သူများအတွက် တာဝန်ယူဆောက်လုပ်ပေးထားသည့် အုတ်ဖိနပ်ခံ၊သွပ်မိုး၊ပျဉ်ခင်း/ပျဉ်ကာ နေအိမ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ပြင်စလူမြို့မှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ပြင်စလူမြို့ရှိ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က ပြင်စလူမြို့၌ မြို့ကွက်ဖော်ထုတ်ခဲ့မှု၊ ဆောက်လုပ်ပြီးအိမ်များ၌ ဒေသခံပြည်သူများအား နေရာချထားပေးမှုအပါအဝင် ပြင်စလူမြို့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မက်စ်(မြန်မာ) ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်က ကုမ္ပဏီနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ပြင်စလူမြို့၌ မိုးစပါးဧက ၅၀၀၀ စိုက်ပျိုးပြီးစီးမှုအခြေအနေများ၊ ပြင်စလူမြို့ တည်ဆောက်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး ပြင်စလူမြို့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စများကို ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့မှ လပွတ္တာမြို့နယ် ပိုးလောင်းကျေးရွာသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပိုးလောင်းကျေးရွာမှ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝါဝါဝင်းကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်ထားသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း/ပျဉ်ကာ နေအိမ်များကို လည်းကောင်း၊ မုန်တိုင်းကြောင့် အိုးအိမ်မဲ့သွားသူများအား ဆောက်လုပ်ပြီး နေအိမ်များ၌ စနစ်တကျ နေရာချထားပေးမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပိုးလောင်းကျေးရွာ ဖွံ့ဖြိုးတိုးတက်လာမှုကို လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပိုးလောင်းကျေးရွာမှ ပြန်လည်ထွက်ခွာကြပြီး လပွတ္တာမြို့နယ် သိပ္ပံကုန်းကြီးကျေးရွာ အခြေအနေ၊ သိပ္ပံကုန်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၏ မိုးစပါး စိုက်ပျိုးထားမှုများကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်သိမ်းတို့သည် မွန်းလွဲ ၁ နာရီခွဲတွင် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဧရာဝတီတိုင်း ပုသိမ်ခရိုင်နှင့် ပုသိမ်၊ ကန်ကြီးထောင့်၊ ကျောင်းကုန်းမြို့နယ်တို့မှ တိုင်း၊ ခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက အသင်းအဆင့်ဆင့်၏ စည်းရုံးဆောင်ရွက်ချက်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အထွေထွေအတွင်းရေးမှူးဦးဌေးဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်သိမ်းတို့က လိုအပ်သည်များကို မှာကြားကြသည်။ (သတင်းစဉ်)

ပြင်စလူမြို့၌ မက်စ်(မြန်မာ) ကုမ္ပဏီလီမိတက်က လေဘေးသင့် အိုးအိမ်မဲ့ပြည်သူများအတွက် တာဝန်ယူဆောက်လုပ်ပေးထားသည့် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း/ပျဉ်ကာ နေအိမ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး တွေ့ဆုံ

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟို ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် သယ်န်းကြီး ကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများနှင့် ရင်းရင်း နှီးနှီး တွေ့ဆုံစဉ်။

(သတင်းစဉ်)

✪ ကျောဖုံးမှ

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် တဖြည်းဖြည်းနီးကပ်လာပြီ ဖြစ်ကြောင်း၊ ဤပြိုင်ပွဲကြီးတွင် ပြည်နယ်တိုင်းအသီးသီးက ပြိုင်ပွဲဝင်သူများ၊ အကဲဖြတ်ဒိုင်များ၊ ပါဝင်ပံ့ပိုးဆောင်ရွက်ကြသူများနှင့် ဝါသနာရှင်ပြည်သူအပေါင်း အစစအရာရာ အဆင်ပြေစွာ တာဝန်ထမ်းဆောင်ခြင်း၊ ယှဉ်ပြိုင်ခြင်း၊ ကြည့်ရှုအားပေးခြင်းများပြုနိုင်စေရန်အတွက် လိုအပ်ချက်များမရှိရအောင်ကြိုတင်စီမံဖြည့်ဆည်းနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးများကို ယခုကဲ့သို့ ခေါ်ယူကျင်းပရခြင်းပင်ဖြစ်ကြောင်း၊ ယခုလိုအစည်းအဝေးများ ခေါ်ယူ ကျင်းပသည့်အတွက် ပြိုင်ပွဲကြီး တစ်ခုလုံးအစစအရာရာ အဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေးကို ပိုမိုအထောက်အကူ ဖြစ်စေလိမ့်မည်ဟုမျှော်လင့်ပါကြောင်း၊ ယခုဆိုလျှင် စနစ်တကျ ဖွဲ့စည်းပေးထားသည့် ကော်မတီ၊ ဆပ်ကော်မတီများနှင့် အဆင့်အလိုက်၊ အချိန်ကာလအလိုက် လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို လုပ်ငန်းစီမံချက်များ၊ လုပ်ငန်းဇယားများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်၍ ဤလုပ်ငန်းများအားလုံးသည် လုပ်ငန်းဇယားအတိုင်းအချိန်မီပြီးစီးရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က အလေးအနက်ထားပြီး ကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ်ချိန်လည်းဖြစ်ကြောင်း၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တာဝန်ရှိသည့် ဆပ်ကော်မတီအသီးသီးအနေဖြင့်လည်း ပြည်နယ်၊ တိုင်းများနှင့်တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နေကြပြီဖြစ်၍ အကြိုကာလပြင်ဆင်ချိန်ရလာသည်နှင့်အမျှ လုပ်ငန်းများလည်း တိုးတက်တွင်ကျယ်မှုရှိအောင် ဆောင်ရွက်နိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း။

လာမည့်(၁၆)ကြိမ်မြောက်ပြိုင်ပွဲတွင် ပြိုင်ပွဲအသစ်ဖြစ်သည့် ခေတ်အကြိုက်တေးသီချင်း ကဏ္ဍပြိုင်ပွဲကိုနေရာသစ်ဖြစ်သည့်အမှတ်(၇)တည်းခိုရေးစခန်းခန်းမကြီး၌ ထည့်သွင်းယှဉ်ပြိုင်ရန် စီမံထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် ယခုပြိုင်ပွဲကဏ္ဍသစ်အတွက် လိုအပ်သည့်ပြင်ဆင်မှုများ ဖြည့်ဆည်းမှုများနှင့် နေရာထိုင်ခင်း လုံလောက်စွာ စီမံထားရှိမှုတို့ကအစ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးထားရန် လိုအပ်ကြောင်း။

ပြိုင်ပွဲကြီးတွင် အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိရန် အပင်ပန်းခံ ကြိုးပမ်းခဲ့ကြသည့် ပြည်နယ်၊တိုင်းများက ပြိုင်ပွဲဝင်များအတွက် ပြိုင်ပွဲဝင်များ၏ အနုပညာအရည်အသွေး၊ ဖွဲ့လုံ့လ ကြိုးပမ်းအားထုတ်မှုများနှင့် ထိုက်တန်သည့် ဆုတံဆိပ်အသီးသီးကို ဆွတ်ခူးရယူခွင့် ရရှိရေးကိုလည်း မိမိတို့ တာဝန်ရှိသူအသီးသီးက တာဝန်ယူပေးကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြိုင်ပွဲဝင်များ၏ ကြိုးစားမှုအပေါ် မျှတမှန်ကန်သော အဆုံးအဖြတ်များပေးနိုင်ကြရန်အတွက် ဘာသာရပ်အလိုက် အကဲဖြတ်ဒိုင်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မှန်ကန်မျှတသောအဖြေကို ဖော်ထုတ်ပေးနိုင်ရန်အတွက် ဗဟိုဒိုင်နှင့် ပြည်နယ်၊တိုင်းအကဲဖြတ်ဒိုင်များ၏ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ပေါ်တွင် အခြေခံထားသည့် မှန်ကန်မျှတမှု၊ အမြော်အမြင်ကြီးမားမှု၊ ရိုးသားဖြောင့်မတ်မှု၊ စေတနာထားရှိမှု၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုစသည့် အရည်အသွေးကောင်းများအပေါ်တွင် တည်မှီနေကြောင်း၊ ထို့ကြောင့် ဘာသာရပ်အလိုက်ဒိုင်များကို ဖွဲ့စည်းရာတွင် ယခုအချက်အလက်များအပေါ်၌ အခြေခံထားပြီး ဖွဲ့စည်းပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ထို့အပြင် မှန်ကန်မျှတသော ရမှတ်အသီးသီးရရှိနိုင်ရေးအတွက် ဘာသာရပ်အလိုက် အကဲဖြတ်ဒိုင်များ၏ အရေးအတွက်၊ ယှဉ်ပြိုင်သူ၏ အရည်အသွေးနှင့် ထိုက်တန်သင့်လျော်သည့် အကဲဖြတ်ချက်ကို ပေးစွမ်းနိုင်သည့်အရေးအတွက် ကန့်သတ်ချက်အတွင်းမှာပင်ရှိနေအောင် ဝိုင်းဝန်းစဉ်းစား သတ်မှတ်ကြရန် တိုက်တွန်းလိုကြောင်း။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် ထူးခြားတိုးတက်လာမှုတစ်ခုအနေဖြင့် တွေ့မြင်ရသည်မှာ ပြိုင်ပွဲဘာသာရပ်ကြီးများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပြဇာတ်ပြိုင်ပွဲတွင် ပြည်နယ်၊တိုင်းများ တိုးတက်ပါဝင် ယှဉ်ပြိုင်လာခြင်းပင် ဖြစ်ကြောင်း၊ ပြဇာတ်ဘာသာရပ်ကို ယခင်နှစ်(၁၅)ကြိမ်မြောက်ပြိုင်ပွဲတွင် ပြည်နယ်တိုင်းငါးခုသာပါဝင်ယှဉ်ပြိုင်ကြရာမှ ယခု(၁၆)ကြိမ်မြောက် ပြိုင်ပွဲတွင် ပြည်နယ်၊ တိုင်း၁၀ခုတို့က ပြဇာတ်အဖွဲ့ (၁၀)ဖွဲ့ အထိတိုးတက်ပါဝင် ယှဉ်ပြိုင်သွားရန် စာရင်းပေးထားသည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ယခုပြိုင်ပွဲဝင်ပြည်နယ်၊တိုင်းများ ထပ်မံတိုးမြင့်လာခြင်းသည် သက်ဆိုင်ရာ ပြည်နယ်တိုင်းများက တာဝန်ရှိသူများ၊ ကော်မတီဝင်၊ ဆပ်ကော်မတီဝင်များနှင့် ပညာရှင်အသီးသီးတို့၏ ဝိုင်းဝန်းအားထုတ်မှုကြောင့်ပင်ဖြစ်ကြောင်း၊ ထို့အတူ ယခုနှစ်(၁၆)ကြိမ်မြောက်ပြိုင်ပွဲတွင် စတင်ထည့်သွင်းယှဉ်ပြိုင်မည့်ခေတ်အကြိုက်ဘာသာရပ်ကိုလည်းကောင်း ပြည်နယ်၊ တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များက အားတက်သရောနှင့်ပါဝင်ယှဉ်ပြိုင်ရန် တက်တက်ကြွကြွကြိုးပမ်းနေကြသည်ဆိုသည့် သတင်းကောင်းများကိုလည်း အားရဖွယ်ရာ ရရှိထားကြောင်း၊ ထို့ကြောင့် ယခုလာမည့် (၁၆)ကြိမ်မြောက်ပြိုင်ပွဲသည် အောင်မြင်မှုများ၊ ပျော်ရွှင်မှုများပိုမိုရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ရာနှုန်းပြည့်အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် ကော်မတီ၊ ဆပ်ကော်မတီဝင်များ၊ အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်၊ တိုင်းကိုယ်စားလှယ်များနှင့်တာဝန်ရှိသူအသီးသီးက မိမိတို့ ကျရာတာဝန်ကို "အမျိုးသားရေးတာဝန်" တစ်ခုအဖြစ်ခံယူပြီး ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသွားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရန် ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ကော်မတီနှင့်ဆပ်ကော်မတီများမှဥက္ကဋ္ဌများ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသူများက ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညှိနှိုင်းအစည်းအဝေးအပြီးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များသည် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ၌အသုံးပြုမည့် နမူနာပိုစတာများ၊ ပို့စကတ်များနှင့် ဇာတ်တော်ကြီးနှင့် ပြဇာတ်အတွက် အသစ်ရေးဆွဲထားသည့် ပန်းချီကားများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကျောက်ခွက်၊လက်ပံတို ရေနံမြေစစ်ဆေး ပေနက်တွင်းတူးစက်များကို ထိထိရောက်ရောက် အသုံးပြုရန် မှာကြား

နေပြည်တော် စက်တင်ဘာ ၁၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း ပေါက်မြို့နယ်နှင့် မြိုင်မြို့နယ်တို့ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကျောက်ခွက်၊လက်ပံတိုရေနံမြေသို့ သွားရောက်စစ်ဆေးသည်။

ဝန်ကြီးသည် လက်ပံတိုရေနံမြေ အတွင်း National 55/1 တွင်းတူးစက်ဖြင့် တွင်းသစ်အမှတ်(၈၈) တူးဖော်နေမှု၊ တွင်းအမှတ်(၈၄)၏ ရေနံထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ကျောက်ခွက်၊ လက်ပံတို ရေနံမြေတစ်ခုလုံးအနေနှင့် တစ်နေ့လျှင် ရေနံစည်၈၂၀ခန့် နေ့စဉ်ထုတ်လုပ်လျက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် ကျောက်ခွက် ရေနံမြေအတွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရရှိရန် အလားအလာ ကောင်းမွန်သော ပေနက်တွင်းသစ်များ တူးဖော်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိသော ဆိုက်စမစ်တိုင်းတာရေး လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ ရှင်းလင်းဆောင်၌ ဘူမိဗေဒအရာရှိချုပ်က လက်ရှိဆောင်ရွက်လျက်ရှိသော ဆိုက်စမစ်တိုင်းတာရေး လုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ပြည်တွင်းစက်သုံးဆီ သုံးစွဲမှု ဖူလုံစေရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နည်းလမ်းပေါင်းစုံ အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပမှဝယ်ယူထားသော ပေနက်တွင်းတူးစက်များ မကြာမီ ရောက်ရှိလာမည်ဖြစ်သဖြင့် ပေနက်တွင်းသစ်များအတွက် နေရာများကိုယခုမှစ၍စနစ်တကျရွေးချယ် တိုင်းတာသတ်မှတ်ထားရန်၊ လိုအပ်ချက်အရ နိုင်ငံတော်က ငွေကြေး အကုန်အကျခံပြီး ပြည်ပမှဝယ်ယူ တင်သွင်းရသည့် ပေနက်တွင်းတူး စက်များကို ထိထိရောက်ရောက် အသုံးပြု၍ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက် ထုတ်လုပ်သွားရန်နှင့် သက်ဆိုင်ရာ ဝန်ထမ်းများအားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားကာ ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ဆိုက်စမစ်လုပ်ငန်းခွင်အတွင်းအလားအလာကောင်းမွန်သည့် ပေနက်တွင်းနေရာသစ်များ ရှာဖွေတိုင်းတာနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပံ့ပိုးပေးခဲ့ကြောင်းသတင်းစာ ရရှိသည်။

(သတင်းစဉ်)

ကြည့်ရှု စစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကျောက်ခွက် ရေနံမြေအတွင်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ရရှိရန်အလားအလာကောင်းမွန်သော ပေနက် တွင်းသစ်များ တူးဖော်နိုင်ရန် အတွက် ဆိုက်စမစ်တိုင်းတာရေး လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေး စဉ်။

(စွမ်းအင်)

✡ ကာကွယ်ရေးဝန်ကြီးဌာနမှ

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းတို့က ကျောင်းဆောင်သစ်များကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အမှာစကား ပြောကြားသည်။

ယင်းနောက် ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းက ကျောင်းဆောင်သစ်များကို အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်အတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် သန်လျင်မြို့နယ် အေးမြသီတာရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်းနှင့် ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းတို့သို့ သွားရောက်ပြီး ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းထားသည့် ကျောင်းဆောင်သစ်များ အတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆောက်လုပ်လှူဒါန်း

ယခုဖွင့်လှစ်သည့် ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသော သန်လျင်မြို့နယ် မြို့ဟောင်းအလယ်ရပ်ကွက်အခြေခံပညာအလယ်တန်းကျောင်း၊သန်လျင်မြို့နယ် အေးမြသီတာရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းနှင့်ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက်အခြေခံပညာမူလတန်းလွန်ကျောင်းတို့မှ ကျောင်းဆောင်သစ်သုံးဆောင်သည်အလျား၂၄ ပေ၊ အနံပေ ၂၀ စီရှိသော စာသင်ခန်း သုံးခန်းစီပါဝင်ပြီး ကျောင်းဆောင်တစ်ဆောင်လျှင် အလျားပေ၆၀၊ အနံပေ ၃၀စီကျယ်ဝန်းကာ Steel Structure အမျိုးအစား အဆောက်အအုံ ဖြစ်သည်။

လှူဒါန်းငွေကျပ်သိန်း ၃၅၀၀

ရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်သည် ကျောက်တန်းမြို့နယ်၌ ၁၃ ကျောင်း၊ သန်လျင်မြို့နယ်၌ ၁၀ ကျောင်း စုစုပေါင်းစာသင်ကျောင်း ၂၃ကျောင်းကို လှူဒါန်းငွေကျပ်သိန်း ၃၅၀၀ အကုန်အကျခံ၍ ဆောက်လုပ် လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲဝင် အောင်ပွဲရမြန်မာအားကစားအဖွဲ့များ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၆

၂၀၀၈ ခုနှစ် စက်တင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ ထိုင်းနိုင်ငံ၌ကျင်းပခဲ့သော မဲခေါင်ဒေသနိုင်ငံများ အားကစားပြိုင်ပွဲ၏ အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော မြန်မာလူငယ်ဘောလုံးအသင်း၊ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ်ရှစ်ခု ဆွတ်ခူးရရှိခဲ့သော အောင်ပွဲရ မြန်မာလူငယ် ပြေးခုန်ပစ်အဖွဲ့နှင့် ရွှေတံဆိပ်နှစ်ခုရရှိသော မြန်မာလူငယ်ဘော်လီဘော အသင်းတို့သည် ယနေ့နံနက် ၁၁နာရီက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

အောင်ပွဲရမြန်မာအားကစားအဖွဲ့အား အား/ကာညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ ကြိုဆိုနှုတ်ဆက်ကြစဉ်။

အောင်ပွဲရ မြန်မာအားကစားအဖွဲ့များအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အသက်(၁၈)နှစ်အောက် မြန်မာလူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး အိမ်ရှင် ထိုင်းအသင်းကို သုံးဂိုး-နှစ်ဂိုး၊ ဗီယက်နမ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ လာအိုအသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲကို အိမ်ရှင်ထိုင်း၊ မြန်မာ၊ လာအိုနှင့် ဗီယက်နမ်တို့ ယှဉ်ပြိုင်ခဲ့ပြီး ပတ်လည်စနစ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ မြန်မာလူငယ်ဘောလုံးအသင်းမှာ မဲခေါင်အားကစားပြိုင်ပွဲတွင် နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ချန်ပီယံမြန်မာလူငယ်အသင်းတွင် နည်းပြချုပ်အဖြစ် ဦးခင်မောင်တင့်(ပို့ဆောင်ရေး)၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်လွင်(ကာကွယ်ရေး)၊ အားကစားသမားများအဖြစ် တင်ဇော်မိုး(ဆောက်လုပ်ရေး)၊ စိုးမင်းနိုင်(မြန်မာ့မီးရထား)၊ ကျော်ကျော်ခိုင်(ဘဏ္ဍာ/အခွန်)၊ ဒေးဗစ်ဒန်း(Air Bagan)၊ ဝင်းသူ(မြို့တော်စည်ပင်)၊ တင်ဝင်းအောင်(Air Bagan)၊ ကြည်လင်း(ပို့ဆောင်ရေး)၊ ဟိန်းဇာအောင်(မြို့တော်စည်ပင်)၊ မျိုးမင်းလတ်(ပို့ဆောင်ရေး)၊ ကျော်ဇေယျာဝင်း(Air Bagan)၊ ဉာဏ်လင်းထွန်း(စွမ်းအင်)၊ နိုင်ဇင်(ကမ္ဘောဇ)၊ သန်းထွန်းအောင်(မြန်မာ့မီးရထား)၊ နိုင်လင်းထွန်း(စွမ်းအင်)၊ မင်းနောင်ဦး(ပို့ဆောင်ရေး)၊ အောင်ရဲသွေး(ဘဏ္ဍာ/အခွန်)၊ ဇော်နိုင်ထွန်း(မြို့တော်စည်ပင်)နှင့် နေလှိုင်(ကမ္ဘောဇ)တို့ ပါဝင်ကြသည်။

မဲခေါင်လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အဖွဲ့မှ သန်းတိုးခင်မျိုးအောင်က ရွှေနှစ်ခု၊ နော်ကပေါ်ဖောက ငွေတစ်ခု၊ သီတာဝင်းက ငွေတစ်ခု၊ကြေးတစ်ခု၊ ကြည်မင်းစိုးက ငွေတစ်ခု၊ ခင်ဖြိုးသက်က ငွေတစ်ခု၊ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ငွေတစ်ခု၊ အောင်ဖြိုးကျော်နှင့် ရေမိုးအောင်က ကြေးနှစ်ခုစီ၊ ဝေဖြိုးအောင်နှင့် စုကြည်အောင်တို့က အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ကြေးတစ်ခုစီ ရရှိကြသည်။

အောင်ပွဲရ မြန်မာ့ပြေးခုန်ပစ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးခင်မောင်သန်း၊ နည်းပြများအဖြစ် ဦးကျော်ကျော်ဝင်းနှင့် ဒေါ်နုနုရီ၊ အားကစားသမားများအဖြစ် အမျိုးသား- ကြည်မင်းစိုး(ကာကွယ်ရေး)၊ ရေမိုးအောင်(ပြည်ထဲရေး)၊ စောဆာရှီး(လယ်/ဆည်)၊ ဝေဖြိုးအောင်(အား/ကာသိပ္ပံ-ရန်ကုန်)၊ ရဲထူးဇင်(ရထားပို့ဆောင်ရေး)၊ ထွန်းထွန်းလင်း(အား/ကာသိပ္ပံ-ရန်ကုန်)၊ အောင်ဖြိုးကျော်(အား/ကာသိပ္ပံ-မန္တလေး)၊ အမျိုးသမီး-သန်းတိုးခင်မျိုးအောင်(အား/ကာသိပ္ပံ-ရန်ကုန်)၊ သီတာဝင်း(ပြည်ထဲရေး)၊ ဖြူဇင်ဦး(အား/ကာသိပ္ပံ)၊ ခင်ဖြိုးသက်(အား/ကာသိပ္ပံ-မန္တလေး) စုကြည်အောင်(အား/ကာသိပ္ပံ-မန္တလေး)၊ အေးအေးသန်း(ပြည်ထဲရေး)နှင့် နော်ကပေါ်ဖော(ရထားပို့ဆောင်ရေး) တို့ပါဝင်ကြသည်။

လူငယ်ဘော်လီဘောပြိုင်ပွဲတွင် အိမ်ရှင်ထိုင်းမှ နှစ်သင်းနှင့် မြန်မာအသင်းတို့ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကာ မြန်မာအသင်းက အိမ်ရှင်ထိုင်း နှစ်သင်းလုံးကို သုံးပွဲပြတ်များဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားခြင်း ဖြစ်သည်။ လူငယ်ဘော်လီဘော ပြိုင်ပွဲနှင့်အတူ ထည့်သွင်းကျင်းပသည့် သဲသောင်ပြင်ဘော်လီဘောပြိုင်ပွဲတွင်လည်း မြန်မာလူငယ်အသင်းက လေးပွဲကစား၊ သုံးပွဲနိုင်တစ်ပွဲရှုံးဖြင့် ဗိုလ်စွဲသွားခဲ့သည်။ မြန်မာလူငယ်အသင်းမှာ ပွဲဦးထွက်ပွဲတွင် ထိုင်း(က)အသင်းကို နှစ်ပွဲတစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ထိုင်း(ခ) အသင်း၊ ဗီယက်နမ်အသင်းနှင့်လာအိုအသင်းတို့ကို နှစ်ပွဲပြတ်များဖြင့် ပြန်လည် အနိုင်ရရှိခဲ့ပြီး ထိုင်း(က) အသင်းမှာ ဗီယက်နမ်အသင်းကို နှစ်ပွဲပြတ်ဖြင့် ပြန်လည် ရှုံးနိမ့်သွား၍ မြန်မာလူငယ်အသင်းက ဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

မြန်မာလူငယ် ဘော်လီဘောအသင်းတွင် အုပ်ချုပ်/နည်းပြအဖြစ် ဦးရဲမြင့်၊ နည်းပြများအဖြစ် ဦးတင့်ဝေ၊ ဒိုင်လူကြီးအဖြစ် ဦးသက်နိုင်ဦး၊ အားကစားသမားများအဖြစ် ရဲရင့်ထွန်း၊ ဝင်းထွန်းဦး၊ နေလင်းအောင်၊ အောင်ကိုလတ်၊ ကျော်ကျော်ထွေး၊ ပိုင်သ၊ စအောင်ဇော်ဇော်၊ ချစ်ကိုကို၊ ဖြိုးဝေအောင်နှင့် အောင်မြတ်ထွန်းတို့ ပါဝင်ကြသည်။

သတင်းနှင့်ဓာတ်ပုံ -ကိုကိုစိုးညွန့်

ရွှေနှစ်ခု၊ ငွေငါးခု၊ ကြေးရှစ်ခု ဆွတ်ခူးရရှိခဲ့သော မြန်မာပြေးခုန်ပစ်အဖွဲ့အား ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုံ့ဆော်ရေး စာတမ်း

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

(၂၃-၉-၂၀၀၈ မှ ၂၉-၉-၂၀၀၈)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

၆-လမှ ၅-နှစ်အောက် ကလေးများအား အင်အားပြည့်ဗီတာမင်အေ ဆေးလုံးတိုက်ပါ။

အရွယ်ရောက်ပြီးသူအမျိုးသမီးတိုင်း သံဓာတ်အားဆေး မှီဝဲပါ။

အသက် ၆ လ အထိမိခင်နို့တစ်မျိုးတည်းသာတိုက်ကျွေးပါ။

အသက်၂နှစ်မှ၅နှစ်အောက်ကလေးများနှင့်မူလတန်းအရွယ်ကလေးများအား၆လတစ်ကြိမ်သန်ချဆေးတိုက်ပါ။

ကိုယ်ဝန်၃လအထက်ကိုယ်ဝန်ဆောင်များအားသန်ချဆေးတစ်ကြိမ်တိုက်ပါ။

ကိုယ်ဝန်နောက်ဆုံးလမှ မွေးဖွားပြီး ၃လ အထိဗီတာမင်ဘီဝမ်းဆေးပြားတိုက်ကျွေးပါ။

အသက်အရွယ်မရွေးအာဟာရပြည့်ဝသည့် အစားအစာများကို စုံလင်မျှတစွာစားပါ။

unicef

မုန်တိုင်းသင့်ဒေသရှိ စာသင်ကျောင်းများ ပြုပြင်ဆောက်လုပ်ရန်နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၆

မုန်တိုင်းသင့်ဒေသရှိ စာသင်ကျောင်းများပြုပြင်ဆောက်လုပ်ရန်နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး အလှူငွေနှင့် ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မုန်တိုင်းသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် UN Agency နှင့် INGOs၊ NGOs တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အမှာစကားပြောကြားရာတွင် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီသည် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ အရေးပေါ်ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းရပ်များကို အစီအစဉ်(၃)ရပ်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မုန်တိုင်းဒဏ်သင့်ဒေသများ၌ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဆောက်လုပ်ရေးနှင့်စပ်လျဉ်း၍ ယာယီစာသင်ကျောင်းမှ အမြဲတမ်း စာသင်ကျောင်းအဖြစ် ကူးပြောင်းဆောက်လုပ်လျက်ရှိကြောင်း၊ ယခုအခါ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက စာသင်ကျောင်း ၇၄ ကျောင်းဆောက်လုပ်ရန် ကမ်းလှမ်းလာသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ စာသင်ကျောင်းများ ထပ်မံဆောက်လုပ်ရန် လိုအပ်နေသေးကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ INGOs၊ NGOs တို့က မိမိတို့ အဖွဲ့အစည်း အလိုက်ဆောင်ရွက်မည့် အစီအစဉ်များကိုတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြန်မာ့ဘောလုံးတိုးတက်ရေး ညှိနှိုင်းဆွေးနွေး

ဂုဏ်ပြုမှတ်တမ်းနှင့် လှူဒါန်းငွေများ ပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၆

မြန်မာဘောလုံးအားကစား တိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၀၈-၂၀၀၉ဘောလုံးရာသီ မြန်မာလိဂ် ဘောလုံးပြိုင်ပွဲအတွက် I.B.T.C Co.,Ltd. က ကျပ်သိန်း ၅၀၀၊ Myanmar CP Livestock Co.,Ltd. က ငွေကျပ်သိန်း ၁၀၀၊ Canon Co.,Ltd. က ငွေကျပ်သိန်း ၅၀၊ United Mercury Group Co.,Ltd. က ငွေကျပ်သိန်း ၅၀၊ M.D.G Co.,Ltd. က ငွေကျပ်သိန်း ၅၀၊ Khin Maung Nyunt Trading Co.,Ltd. က ငွေကျပ် သိန်း ၃၀ တို့ကို လှူဒါန်းခဲ့ကြသည့် ပံ့ပိုးကူညီသူများအား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

(အောက်ပုံ)

ယင်းနောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အထွေထွေ အတွင်းရေးမှူးဦးတင်အောင်နှင့် အမှုဆောင်များက ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် စာနယ်ဇင်းများက သိရှိလိုသည်များကို မေးမြန်းကြရာ ဥက္ကဋ္ဌဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က မြန်မာဘောလုံးအားကစား တိုးတက်ရေးအတွက် ဆွေးနွေးမှာကြားသည်။

(ကြေးမုံ)

မုန်တိုင်းငယ် အိန္ဒိယကမ်းခြေကို ဆက်လက်ဖြတ်ကျော်

နေပြည်တော် စက်တင်ဘာ ၁၆

ယနေ့မြန်မာစံတော်ချိန် ညနေ ၄ နာရီတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဆက်လက်ဖြတ်ကျော်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းပေးပို့သည်။ (သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော်ပျဉ်းမနား စက်တင်ဘာ ၁၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်) နောက်ဆုံးပွဲစဉ်များကို နေပြည်တော် အားကစားကွင်း၌ ယနေ့ ညနေ ၃ နာရီခွဲက ဆက်လက်ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနဘောလုံးအသင်းက ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အလုပ်သမားဝန်ကြီးဌာန **သုံးဂိုး**
ဝဏ္ဏဖေယျာလွင်(နှစ်ဂိုး)၊ အောင်ကိုဝင်း(တစ်ဂိုး)
ပို့ဆောင်ရေးဝန်ကြီးဌာန **တစ်ဂိုး**
စိုးမြတ်သူ(၂)
ဒိုင်လူကြီး **ဦးဝင်းထွဋ် (အပြည်ပြည်ဆိုင်ရာ)**

ယင်းပြိုင်ပွဲသို့ အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ မိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက်တက်ရောက်အားပေးကြည့်ရှုကြသည်။

စက်တင်ဘာ ၁၈ ရက်တွင် ပေါင်းလောင်းအားကစားကွင်း၌ တတိယနေရာလုပွဲအဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး စက်တင်ဘာ ၁၉ ရက်တွင် နေပြည်တော်ကွင်း၌ နောက်ဆုံးဗိုလ်လုပွဲအဖြစ် အားကစားဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၇)

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



မုန်တိုင်းငယ် အိန္ဒိယကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၁၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင်နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းအတွင်း ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံမြို့တွင် ၆ ဒသမ ၁၄ လက်မ၊ ထားဝယ်မြို့တွင် ၅ ဒသမ ၃၁ လက်မ၊ သထုံမြို့နှင့်ဂွမြို့တို့တွင် ၄ဒသမ ၆၁လက်မစီ၊ မြိတ်မြို့တွင် ၄ဒသမ၃၇လက်မ၊ သံတွဲမြို့တွင် ၂ဒသမ၈၈ လက်မ၊ ရေးမြို့တွင် ၂ဒသမ၄၀လက်မ၊ ရွှေကျင်မြို့တွင် ၂ဒသမ၃၆လက်မနှင့် မော်ဘီမြို့တွင် ၂ဒသမ၀၂လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံဩရိဿကမ်းခြေကို 'ဘူဘန်နီဆွာမြို့'အနီးမှ ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။ ရခိုင်ကမ်းရိုးတန်းတွင် မုတ်သုံဆန်သော အခြေအနေများ ဖြစ်ပေါ်နေပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

စက်တင်ဘာ ၁၇ ရက် ညနေထိ ခန့်မှန်းချက်။ ။ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်မည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၈ ဒသမ၅ ဒီဂရီစင်တီဂရိတ် (၈၃ ဒီဂရီဖာရင်ဟိုက်) ၁၅-၉-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၀ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်)၁၆-၉-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၁၆-၉-၂၀၀၈

နေပူသည့်နာရီပေါင်း ၀ ဒသမ ၃နာရီခန့် ၁၅-၉-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၆-၉-၂၀၀၈	၄၀မမ	၂၆မမ	၂၈မမ
	(၁ဒသမ၅၈လက်မ)	(၁ဒသမ၀၂လက်မ)	(၁ဒသမ၁၀လက်မ)
၁-၁-၂၀၀၈ မှ	၂၃၁၇မမ	၂၅၈၁မမ	၃၀၁၇မမ
ယနေ့အထိ	(၉၁ဒသမ၂၂လက်မ)	(၁၀၁ဒသမ၆၁လက်မ)	(၁၁၈ဒသမ၇၈လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၅-၉-၂၀၀၈ ရက် ၁၈း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

ရီးယဲလ်မက်ဒရစ်တစ်သင်းသာပွဲချောင်ပြီး ကျန်အသင်းကြီးများအားလုံး အမှတ်ပြည့်ရရန်ခက်ခဲသည့် ချန်ပီယံလိဂ်ဒုတိယနေ့ အုပ်စုပွဲစဉ်များ

စက်တင်ဘာ ၁၈ (ကြာသပတေးနေ့) နံနက် ၁း၁၅ နာရီ

ဗုဒ္ဓဟူးနေ့ နံနက် ၁း၁၅နာရီက ချန်ပီယံလိဂ် အုပ်စု ပွဲစဉ်(၁) ပထမနေ့ပွဲများကို အုပ်စုလေးစု ယှဉ်ပြိုင်ကစားခဲ့ပြီး ဖြစ်ပါတယ်။ ကျန်တဲ့ အုပ်စုလေးစုဟာ ဒုတိယနေ့ပွဲစဉ်များအဖြစ် ကြာသပတေးနေ့ နံနက်ပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ ယခု ဒုတိယနေ့ပွဲစဉ်မှာ ရီးယဲလ် မက်ဒရစ်တစ်သင်းသာ ပွဲချောင်ပြီး လက်ရှိချန်ပီယံ မန်ယူ၊ အာဆင်နယ်၊ လိုင်ယွန်၊ ပေါ်တိုနဲ့ ဂျူဗင်တပ်စ်တို့ ပွဲကျပ်ကစားရမှာပါ။

အုပ်စု(င)

ဒီအုပ်စုရဲ့ အဖွင့်ပွဲမှာ လက်ရှိချန်ပီယံ မန်ယူ(အင်္ဂလန်)နဲ့ ဗီလာရီးယဲလ်(စပိန်)၊ ဆဲလ်တစ်(စကော့တလန်)နဲ့ အဲလ်ဘော့ဂ်(ဒိန်းမတ်)တို့ ယှဉ်ပြိုင်ကစားကြမှာပါ။ မန်ယူနဲ့ ဗီလာရီးယဲလ်တို့ပွဲမှာ မန်ယူအနေနဲ့ အိမ်ကွင်းအားသာချက်ရှိတယ်ဆိုပေမယ့် စီရော်နယ်လ်ဒိုမပါရင် ဂိုးမိုးခေါင်တတ်တာကြောင့် အကြိတ်အနယ်ကစားပြီးမှ အိမ်ရှင်တို့ ပွတ်ကာသီကာလေး အနိုင်ရမယ့် အနေအထားပါ။ ဆဲလ်တစ်နဲ့ အဲလ်ဘော့ဂ်တို့ပွဲမှာ ဂေါ်ဒွန်စထရာချန်ရဲ့ ဆဲလ်တစ်က ခြေစွမ်းသာတဲ့အပြင် အိမ်ကွင်းဆဲလ်တစ်ပါ့တ်ခ်မှာ ကစားရမှာဖြစ်တာကြောင့် ဧည့်သည်တို့ သရေတစ်မှတ်တောင် မျှော်လင့်ခွင့်ရှိမှာ မဟုတ်ပါဘူး။

အုပ်စု(စ)

ဒီအုပ်စုမှာ လိုင်ယွန်(ပြင်သစ်)နဲ့ ဖီအိုရင်တီးနား(အီတလီ)၊ စတူအာဘူခါရက်(ရိုမေးနီးယား)နဲ့ ဘိုင်ယန်မြူးနစ်(ဂျာမနီ)တို့ ယှဉ်ပြိုင်ရမှာပါ။ ကလော်ဒီပူအဲရဲ့ လိုင်ယွန်ဟာ အုပ်စုအဆင့်မှာဆိုရင် ခြေစွမ်းပြတတ်တဲ့ အသင်းပါ။ လိုင်ယွန်အနေနဲ့ ပွဲဦးထွက်ကောင်းရေးအတွက် အိမ်ကွင်း စတေဒီဂါလန်းမှာ ပရန်ဒယ်လီရဲ့ ဖီအိုရင်တီးနားကို အနိုင်ရအောင် ကြိုးစားရမှာပါ။ ကလင်းစမန်းရဲ့ ဘိုင်ယန်မြူးနစ်ကတော့ စတူအာဘူခါရက်နဲ့ ဂျန်စီရာကွင်းမှာသွားရောက်ကစားရမှာဖြစ်တာကြောင့် အနည်းငယ်ခက်ခဲမှုတော့ ရှိမှာပါ။ လာကာတက်စ်ရဲ့ ဘူခါရက်ဟာ ကစားရခက်ခဲတဲ့ အသင်းတစ်သင်းပါ။ ဒါကြောင့် ဘိုင်ယန်တို့ အဝေးကွင်းမှာ သရေရရေးကိုပဲ ဦးတည်ပြီး ကစားသွားမယ့် အနေအထားပါ။

အုပ်စု(ဆ)

ဒိုင်နမိုကီယက်(ယူကရိန်း)နဲ့ အာဆင်နယ်(အင်္ဂလန်)၊ ပေါ်တို(ပေါ်တူဂီ)နဲ့ ဖီနာဘာချီ(တူရကီ)တို့ဟာ ဒီအုပ်စုရဲ့ အဖွင့်ပွဲစဉ်များအဖြစ် ယှဉ်ပြိုင်ကစားကြမှာပါ။ အာဆင်နယ်နဲ့ကစားမယ့် ယူရီစီမင်းရဲ့ ဒိုင်နမိုကီယက်ဟာ အိမ်ကွင်းကစားပုံကောင်းမွန်တာကြောင့် အဝေးကွင်း ဂိုအန်နော့စကီဒိုင်နမိုမှာ အာဆင်နယ်တို့ သရေကျဖို့များပြီး ကံကောင်းပါမှ အိမ်ရှင်ကိုကပ်ပြီး နိုင်ဖွယ်ရာရှိပါတယ်။ ဖာရဲရားကိုင်တွယ်တဲ့ပေါ်တိုနဲ့ အာရာဂိုးနက်စ် ကိုင်တွယ်တဲ့ ဖီနာဘာချီတို့ဟာ ခြေစွမ်းချင်း သိပ်မကွာလှပါဘူး။ ဒါပေမယ့် ယခုယှဉ်ပြိုင်ကစားမှာက ပေါ်တိုရဲ့ အက်စတာဒီယိုဒရာဂါအိုကွင်းဖြစ်တာကြောင့် ကိုယ့်ကွင်း ကိုယ့်ပရိသတ်ရှေ့မှာ ပေါ်တိုတို့ သုံးမှတ်အပြည့်ရအောင် အားကုန်ထုတ် ကြိုးစားကြပါလိမ့်မယ်။

အုပ်စု(ဇ)

အုပ်စု(ဇ)ရဲ့ ပထမပွဲစဉ်အဖြစ် ဂျူဗင်တပ်စ်(အီတလီ)နဲ့ ဇင်းနစ်(ရုရှား)၊ ရီးယဲလ်မက်ဒရစ်(စပိန်)နဲ့ ဘာတီဘိုရီဆော့ဗ်(ဘီလာရုစ်)တို့ ယှဉ်ပြိုင်ကစားရမှာပါ။ ရာနီရေရီရဲ့ ဂျူဗင်တပ်စ်ဟာ ဥရောပစူပါဖလား ပူပူနွေးနွေး ချန်ပီယံဒစ်အက်ဗိုကိတ်ရဲ့ ဇင်းနစ်နဲ့တွေ့ရတာ ပွဲမချောင်လှပါဘူး။ ဒါပေမယ့် ဂျူဗင်တပ်စ်ဟာ အိမ်ကွင်းအိုလံပီကိုကွင်းမှာ ကစားရမှာဖြစ်တာကြောင့် အနိုင်ရအောင် ဖန်တီးနိုင်ပါလိမ့်မယ်။ ဘန်းရှူးစတားရဲ့ ရီးယဲလ်မက်ဒရစ်ဟာ ဘာနေဗျူးကွင်းမှာ ဟိုရော့စကီးကိုင်တွယ်တဲ့ ဘာတီဘိုရီဆော့ဗ်နဲ့ တွေ့ရတာ ကံကောင်းလှပါတယ်။ အသင်းငယ်လေးဘာတီကို ဝါရင့် သမ္ဘာရင့် ရီးယဲလ်တို့ အိမ်ကွင်းမှာ အခက်အခဲမရှိဘဲ ခြေပြတ်ဂိုးပြတ်မယ့် အနေအထားလို့ ဆိုချင်ပါတယ်။

ဝင်းတင်(ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်အတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့အတွင်းရှိ ကျောင်းဆောင်သစ်များဖွင့်ပွဲသို့ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ် မြို့ဟောင်းအလယ်ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသော ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ **စာမျက်နှာ ၉ ကော်လံ ၇ သို့** ✡

ရွှေပြည်သစ်ဆီ ချီတက်မည်

❑ ပြည်သူကို အရေးထားလို့
လေးစားသည် ဆိုပါလျှင်။
၂၀၁၀ မှာ ရွေးကောက်ပွဲကို
ဆင်နွှဲဖို့ပြင်။
ပြည်သူရဲ့ဆန္ဒလျှင်
ပီပြင်စွာထင်ရှား။
၉၀ ကျော် ရာခိုင်နှုန်းရယ်နဲ့
ထောက်ခံကာ ခြိမ့်ခြိမ့်အုန်း
တစ်ပြည်လုံးနီးပါး။

❑ အတွေးသစ် အမြင်သစ်နဲ့
ရွှေပြည်သစ် တည်ဆောက်မည်
လုပ်မ်း-ချီစို့ မနေး။
လက်မတားလာနဲ့
အဖျက်သမားဆို ပြည်တွင်းအားနဲ့
ဖယ်ရှားလိမ့်လေး။ ။

ခွန်ရဲသွေး(အေးသာယာ)

သဘာပတိ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ပြည်နယ်၊ တိုင်းများမှ ကိုယ်စားလှယ်များ ပါဝင်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

သတင်းအညွှန်း

❍ အီရတ်နှင့် အာဖဂန် သတင်းများ စာမျက်နှာ-၅

❍ ပြည်တွင်း အားကစား သတင်း စာမျက်နှာ-၁၀

❍ ချန်ပီယံလိဂ် ဒုတိယနေ့ အုပ်စုပွဲစဉ်များ စာမျက်နှာ-၁၁

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးသည် ထူးခြားတိုးတက်မှုတစ်ခုအနေဖြင့် ပြဇာတ်ပြိုင်ပွဲတွင် ပြည်နယ်၊တိုင်းများ တိုးတက်ပါဝင်လာ

နေပြည်တော် စက်တင်ဘာ ၁၆

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် ပြည်နယ်၊ တိုင်းများမှ ကိုယ်စားလှယ်များ ပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာ စကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် မကြာမီကာလအတွင်း၌ ကျင်းပဆင်နွှဲချိန်ကျရောက်လာတော့မည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးစီးကော်မတီ၏ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ဖြစ်ကြောင်း၊ မကြာမီကာလအတွင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပတော့မည့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪